**မြဝတီ** နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၀)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၄ ရက်၊ စနေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း(Agro-based Industries)ကို မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု) Forum on The Dawn of A New State (Trust , Stability & Development)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၃**

မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု) Forum on The Dawn of A New State (Trust, Stability & Development) ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁✭




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၄ ရက်)

# တတိယအကြိမ်လွှတ်တော်အစည်းအဝေးများကျင်းပရေး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဦးတည်ချက်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်းသုံးပိုင်းဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုကိုယ်စားပြုရွေးချယ်တင်မြှောက်ခြင်းခံရသည့်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပရန် လွှတ်တော်အလိုက် ရက်သတ်မှတ်ခေါ်ယူပေးခဲ့ပြီးဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ခဲ့သည့် မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၂ သန်းကျော်အနက် လာရောက်မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိသည်။ မဲပေးသည့်ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်သည်။ ရွေးကောက်ခံရသူများအနေဖြင့် ဒီမိုကရေစီကိုလိုလားသူပြည်သူများက မဲပေးရွေးချယ်ထားခြင်းဖြစ်သည့်အတွက် တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် နိုင်ငံ့ကောင်းကျိုးအတွက် အလုပ်လုပ်ကြရန်ဖြစ်သည်။ ယခုကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ အခက်အခဲအမျိုးမျိုးကြားမှဆောင်ရွက်ခဲ့ရသော်လည်း နိုင်ငံရေးပါတီများအနေဖြင့် စိတ်အားထက်သန်စွာပါဝင်ယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာလာရောက်မဲပေးခဲ့ကြခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးများကို မတ်လ ၁၆ ရက်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်အစည်းအဝေးများကို မတ်လ ၁၈ ရက်တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏လွှတ်တော်အစည်းအဝေးများကို မတ်လ ၂၀ ရက်တွင်လည်းကောင်းကျင်းပမည်ဖြစ်သည်။ လွှတ်တော်အသီးသီးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်များသို့ ရောက်ရှိသတင်းပို့ရမည့်ရက်များကို သတ်မှတ်ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိလာချိန်တွင် သတ်မှတ်နေရာများသို့ အသွား/ အပြန်သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာရုံး၊ ဌာနအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားသလို တည်းခိုနေထိုင်မည့်အဆောင်များ ရေ၊ မီး၊ မိလ္လာ၊ အခန်းတွင်းပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း အဆင်သင့်ပြင်ဆင်ထားရှိပြီးဖြစ်သည်။ လွှတ်တော်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာ လွှတ်တော်ရုံးများက ရှင်းလင်းတင်ပြနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

တတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးအသီးသီးနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားရှိပြီးဖြစ်သည်။

တတိယအကြိမ်လွှတ်တော်အစည်းအဝေးများအောင်မြင်စွာကျင်းပနိုင်ရေးတွင် သတင်းမီဒီယာများအနေဖြင့် လွှတ်တော်တွင်းသတင်းရယူရေးနှင့်စပ်လျဉ်းသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးတာဝန်ယူ၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့ ပူးပေါင်းဆောင်ရွက်၍ Media Corner များစနစ်တကျထားရှိသည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် (၃)ရပ်နှင့်အတူ အရေးပါသည်မှာ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများဖြစ်သည်။

မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေကိုအကောင်းဆုံးသောအခြေအနေသို့ရောက်ရှိစေရေး ပြည်သူတစ်ရပ်လုံးကမျှော်လင့်လျက်ရှိသည်။ ထိုသို့မျှော်လင့်သည့်အတွက်လည်း တစ်ခဲနက်မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံရေး၏အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်တည်ဆောက်ရေးသာဖြစ်သည်။ မတူညီသည့် နိုင်ငံရေးအမြင်၊ မတူညီသည့်သဘောထားရှိသူများက နိုင်ငံတည်ဆောက်ရေးအတွက် အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး အကောင်းဆုံးအခြေအနေများကိုရွေးချယ်ကာ နိုင်ငံကောင်းကျိုးကိုဦးစားပေးစွမ်းဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံရေးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ချစ်ခြင်း၊ မုန်းခြင်းကင်း၍ နိုင်ငံကောင်းကျိုးအတွက်ဆောင်ရွက်သင့်သည်များကိုရဲရင့်စွာဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့အရေးဆိုသည်မှာ နိုင်ငံအတွင်းမှီတင်းနေထိုင်သောပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကိုဆိုလိုခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တတိယအကြိမ်လွှတ်တော်အစည်းအဝေးများအောင်မြင်စွာကျင်းပပြီး နိုင်ငံနှင့်ပြည်သူ့ကောင်းကျိုးမှန်သမျှ သယ်ပိုးဆောင်ရွက်အောင်မြင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး။

## ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူများနေ့အကြို အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပုသိမ် မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ မတ်လ ၁၂ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူများနေ့အကြို အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ကမ္ဘာ့စားသုံးသူများနေ့ WCRD အထိမ်းအမှတ် Video Clip များပြသကာ တက်ရောက်လာကြသူများအား တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကာ စားသုံးသူရေးရာဦးစီးဌာနမှခင်းကျင်းပြသထားသော ပြခန်းများအား လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ဉာဏ်စမ်းမေးခွန်းများမေးမြန်းရာ တက်ရောက်လာကြသူများထဲမှ ဖြေဆိုသူများအား ဆုများပေးအပ်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်းသိရသည်။ (၄၀၇)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၂၆(စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ဓမ္မပူဇာတေး
၃။ ၀၈:၄၀ မောင်မယ်လေးများသိစေချင်
၄။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၅။ ၁၀:၁၀ နိုင်ငံတကာသတင်း
၆။ ၁၂:၃၀ လေးစားအတုယူစရာ စံနမူနာသူရဲကောင်းများ
၇။ ၁၅:၂၅ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၅:၅၀ ဇာတ်လမ်းတို
၉။ ၁၆:၅၅ မျိုးချစ်တပ်မတော်
၁၀။ ၁၇:၄၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ၁၈:၃၀ ပြည်သူ့ကြားကပြည်သူ့စကား
၁၃။ ၁၈:၄၀ နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၄။ ၁၉:၀၀ **(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၇) သရုပ်ဆောင် ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)**


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှု များဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစု များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသ ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူ နေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူ နေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှု ခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှု ခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက် ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူ တစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူ တစ်ဦး၏ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်း မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံ ကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံ ကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသ ကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေး တိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင် များနှင့် ဒေသခံတိုင်းရင်းသားပြည်သူ များအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူး များနှင့်တာဝန်ရှိသူများက သွားရောက် ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူ များက ဆေးရုံတက်ရောက်ကုသလျက် ရှိသည့်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ် သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံအသီးသီးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အာဆီယံနိုင်ငံများဆိုင်ရာ ရိုးရာအထည်ဒီဇိုင်းများထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးစီမံခန့်ခွဲမှုဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တက်ရောက်



ရန်ကုန် မတ် ၁၃

အာဆီယံနိုင်ငံများဆိုင်ရာ ရိုးရာအထည် ဒီဇိုင်းများ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး စီမံခန့်ခွဲမှုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ် မြို့နယ် ပြည်လမ်းမပေါ်ရှိ Novotel Yangon Max Hotel ၌ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ရိုးရာအထည် ဒီဇိုင်းများ ထိန်းသိမ်းရေးနှင့်မြှင့်တင်ရေး စီမံခန့်ခွဲမှု သည် ယနေ့ခေတ်အခြေအနေများတွင် အထူးအရေးပါသော အကြောင်းအရာ တစ်ရပ်ဖြစ်ကြောင်း၊ ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်နိုင်ခြင်းမှာ အာဆီယံနိုင်ငံများ၏ အရေးပါသည့် မျက်နှာစုံညီပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ် တစ်ရပ်ဖြစ် ကြောင်း၊ ရက်ကန်းလုပ်ငန်းများသည် လူမှု အသိုင်းအဝိုင်းများအတွက် ဂုဏ်ယူစရာ သာမက အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖြစ်လာစေရန်လည်း အထောက်အကူဖြစ်စေကြောင်း ပြောကြား သည်။

ထို့နောက် ဆွေးနွေးပွဲကိုဆက်လက် ကျင်းပရာ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာတမ်းရှင် များက သက်ဆိုင်ရာနိုင်ငံအလိုက် ရိုးရာအထည်ဒီဇိုင်းများနှင့် စပ်လျဉ်း၍ ထိန်းသိမ်းရေး၊ မြှင့်တင်ရေးစီမံခန့်ခွဲမှု ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက မေးမြန်း ဆွေးနွေးခြင်းများပြုလုပ်ကြပြီးဆွေးနွေး ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

## လောကအလှဖန်ဆင်းရှင်

❋ မြန်ဇမ္ဗူ ဤလူသားက
ခွန်အား ဗလပြည့်စုံ။
တာဝန်ဟူ ကျေပွန်ထမ်းကာပဲ့
စွမ်းတဲ့ ရှိန်ဟုန်။
လူမှုဘဝ မြဲလုံခြုံ
အသက်ကိုပုံ ကာကွယ်ပေး။
ပြည်ကျိုးဆောင် ခေါင်တံဆိပ်ကို
ခတ်နှိပ်တယ်လေး။

❋ စားဝတ်နေ ပြည့်စုံမနေးဖို့
စိုက်ပျိုးရေးလည်း သူပါတယ်။
မြို့ပြည်ရွာ အမှောင်ကင်းဖို့
ဆောင်ကြဉ်း တစ်သွယ်။
အိမ်နောက်လည်း ဈေးဆိုင်တယ်(တည်)
အိမ်ရှေ့ဝယ် ပန်းတွေစိုက်။
သာတူညီ အခွင့်ထူးမလိုက်သူမို့
ကြည်နူးပျော်ပိုက်။

❋ ပြည်သူအပေါ် မေတ္တာလောင်းတဲ့
စစ်သည်အပေါင်း ကျွန်မချစ်ခင်။
ရန်သူပုန် ဖယ်ရှားရှင်းလို့
နှိမ်နင်းသူပင်။
လောကအလှ ဖန်ဆင်းရှင်
မာန်ကင်းစင် တပ်မတော်သား။
သေနတ် ထမ်းကာဖြင့်
မရပ်တမ်းသာ ပြည်ကျိုးတွက်ရယ်မို့
ပေးဆပ်သူများ။ ။


မိုးမြင့်မေ(သ.က.ဟ.အ)




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁˚C | / | ၃၆˚C |
| ရန်ကုန် | ၂၂˚C | / | ၃၆˚C |
| မန္တလေး | ၂၄˚C | / | ၃၆˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မတ် ၁၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ခိုလမ်မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၃

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



သံဃာတော်များနှင့်ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ ကာလေကျေးရွာရှိ သုဂန္ဓာရာမဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၁၄၃ ဦးတို့ကို နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများအား ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပငကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၈ ပါးနှင့် ဒေသခံပြည်သူ ၁၆၀ ဦးတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပငကျေးရွာရှိ လင်းရောင်ခြည်ကျောင်းတိုက်၌အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားစဉ်။





၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားခြင်းအခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်များအလိုက်မှ တိုင်းမှူးများ၊ (ကြည်း၊ ရေ၊ လေ) တပ်ဌာနချုပ်များအလိုက် ဌာနချုပ်မှူးများနှင့် စစ်ဆင်ရေးကွပ်ကဲရေးမှူးများက Video Conferencing ဖြင့် တက်ရောက်စဉ်။

➤ ကျောဖုံးမှအဆက်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့ရမှုနှင့် ခေတ်မီတပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှု

ထိုသို့ အမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိအနေဖြင့် တပ်မတော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ယခုအချိန်အထိ ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်သည်များကို သုံးသပ်ဆွေးနွေးနိုင်ရန်နှင့် လိုအပ်သည်များကို မှာကြားနိုင်ရန်အတွက် ယခုကဲ့သို့တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းရမည့် အခြေအနေဖြစ်ကြောင်း။

မိမိအနေဖြင့် တပ်မတော်အကြီးအကဲများ၏ ယုံကြည်စွာဖြင့် တာဝန်လွှဲပြောင်းပေးအပ်ခြင်းခံခဲ့ရပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တာဝန်များကို အကောင်းဆုံးဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်တွင် ယခင်က တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ဆုံးမသြဝါဒများ၊ မိမိဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို ပေါင်းစပ်၍ အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်တိုးတက်ရာတိုးတက်ကြောင်းနှင့်ခေတ်မီတပ်မတော်ဖြစ်စေရေး အမြဲတမ်းအာရုံစိုက်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတကာမှတပ်မတော်များနှင့် ဆက်ဆံမှုကောင်းမွန်ရေးတို့ကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်စွမ်းဆောင်ပေးခဲ့ကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် ပြည်ပရန်ကာကွယ်ရေးပင်ဖြစ်ပြီး နိုင်ငံတော်တွင်ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများအရ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဝင်ရောက်ထိန်းသိမ်းနေရခြင်းဖြစ်ကြောင်း၊ ယခင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်အကြီးအကဲများသည်လည်း နိုင်ငံတော်နှင့် တပ်မတော်ကောင်းရာကောင်းကျိုးကို အစဉ်အဆက် အဆင့်ဆင့်လက်ဆင့်ကမ်းတာဝန် ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိသည် မြန်မာ့တပ်မတော်၏ ၈ ဦးမြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး ရှေ့ပိုင်းတွင် တာဝန်ယူသွားခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များကဲ့သို့ပင် တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

### စစ်ဦးစီးပိုင်းဆိုင်ရာမြှင့်တင်ဆောင်ရွက်ပေးခဲ့မှု

ခေတ်အဆက်ဆက်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်

**❖ တပ်မတော်စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတကာမှတပ်မတော်များနှင့် ဆက်ဆံမှုကောင်းမွန်ရေးတို့ကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်စွမ်းဆောင်ပေးခဲ့ . . .**

**❖ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ်တည်ဆောက်ရာတွင် ခြေလျင်တပ်ရင်းတပ်ဖွဲ့များကိုသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းရည်၊ စွမ်းအားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ် . . .**

**❖ နိုင်ငံတကာအဆင့်မီ တပ်မတော်ဖြစ်ရေးအတွက် တည်ဆောက်ခဲ့ရာတွင် စစ်လက်နက်ပစ္စည်းများနှင့် စစ်အသုံးအဆောင်ပစ္စည်းတွေကိုကိုယ်ပိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ . . .**

**❖ တပ်မတော်ပိုင်သင်္ဘောကျင်းမှ စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်နိုင်သည့် ဒေသတွင်းတစ်ခုတည်းသော တပ်မတော်ဖြစ် . . .**

**❖ ယခုထပ်မံဖြည့်တင်းထားသည့် လေယာဉ်/ရဟတ်ယာဉ်များသည် နိုင်ငံတကာ(လေ)တပ်များနည်းတူ စွမ်းဆောင်ရည်ရှိသည့် ခေတ်နှင့်လျော်ညီသည့် လေယာဉ်၊ ရဟတ်ယာဉ်များဖြစ် . . .**

ကာကွယ်ရေးဦးစီးချုပ်များအနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ သောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်ရေး၊ ပြည်ပကျူးကျော်မှုများကို တွန်းလှန်ကာကွယ်ရေး စသည်တို့ကို တပ်မတော်တွင် ရနိုင်သမျှသောအင်အားများဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) သောင်းကျန်းမှု၊ တရုတ်ကူမင်တန်ကျူးကျော်မှု စသည့် စစ်ဆင်ရေးကြီးများကိုလည်း စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့ ➤





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ကျေးဇူးတင်ချီးကျူးဂုဏ်ပြုစကားပြောကြားစဉ်။

➤ **စာမျက်နှာ ၅ မှအဆက်**

မိမိအနေဖြင့် တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း အရာရှိငယ်ဘဝ၊ အရာရှိကြီးဘဝတို့ဖြင့် တိုက်ခိုက်ရေးတပ်ရင်း၊ တပ်ဖွဲ့များတွင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို အချိန်ကာလများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်မြင်အောင်ထမ်းဆောင်ခဲ့ကြောင်း။

တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ်တည်ဆောက်ရာတွင်ခြေလျင်တပ်ရင်းတပ်ဖွဲ့များကိုသာမက တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းရည်၊ စွမ်းအားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် လူ၊ လက်နက်ဖွဲ့စည်းမှု အဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ) အတွက် လိုအပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်များ၊ ရဟတ်ယာဉ်များရရှိရေးကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့**ကြောင်း၊ ထို့ပြင် ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် လိုအပ်သည့် လက်နက်စနစ်များအပြင် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ဖြည့်တင်းခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း။

မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့ချိန်အတွင်း နိုင်ငံအတွင်းရှိ အမျိုးသမီးအင်အားထုကို အကျိုးရှိရှိအသုံးချနိုင်ရေး အမျိုးသမီးစစ်မှုထမ်းများကို ၂၀၁၄ ခုနှစ်က စ၍ခေါ်ယူအမှုထမ်းခွင့်ပြုခဲ့ကြောင်း၊ ယခင်က တပ်မတော်တွင် အမျိုးသမီးများကို ဆေးဝန်ထမ်းတပ်ဖွဲ့၌ ဆရာဝန်၊ သူနာပြုများအဖြစ်သာခန့်အပ်ခဲ့ရာမှ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်း၊ အမျိုးသမီးသူနာပြုသင်တန်းနှင့်တပ်သားသစ်သင်တန်းများကို ခေါ်ယူခဲ့ပြီး အမျိုးသမီးများ၏ လူ့စွမ်းအားအရင်းအမြစ်ကို အကျိုးရှိရှိ

❖ **ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်နှင့်လျော်ညီသည့် ပူးပေါင်းလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားကြရန်လို . . .**

❖ **မိမိတပ်ကိုချစ်မြတ်နိုးသည့်စိတ်၊ မိမိတပ်ဖွဲ့ကို ချစ်မြတ်နိုးသည့်စိတ်၊ တပ်မတော်ကို ချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာအောင်ဆောင်ရွက်ပေးရမည်ဖြစ် . . .**

အသုံးချနိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အမျိုးသမီး(အရာရှိ/ အခြားအဆင့်) ၅၀၀၀ ကျော်အနေဖြင့် အမျိုးသားများနှင့်တန်းတူ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ထူးခြားမှုအနေဖြင့် အမျိုးသမီးလေသူရဲ၊ လေယာဉ်မှူးများကို မွေးထုတ်ပေးနိုင်ခဲ့သည်မှာလည်း မှတ်ကျောက်တင် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်တွင် ရှိသေခန့်ညားလောက်သည့် ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားကို ရရှိနိုင်ရေးအတွက် ၁၉၅၉ ခုနှစ်ကတည်းက ရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြင်ဆင်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် အသက်သွင်းကာ အာဏာတည်စေခဲ့ပြီး အကောင်အထည်ဖော်ကျင့်သုံးခဲ့ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်သွေးချွေးများပေးဆပ်၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်လျက်ရှိနေပြီဖြစ်ပြီး ၎င်းတို့၏ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မှုများကိုလည်း မိမိတို့အနေဖြင့် အသိအမှတ်ပြုရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် ထောက်ပံ့မှုများနှင့် ရပိုင်ခွင့်များရရှိရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိအနေဖြင့်တပ်မတော်ကိုနိုင်ငံတကာအဆင့်မီ တပ်မတော်ဖြစ်ရေးအတွက် တည်ဆောက်ခဲ့ရာတွင်စစ်လက်နက်ပစ္စည်းများနှင့် စစ်အသုံးအဆောင်ပစ္စည်းတွေကို ကိုယ်ပိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ Standard Army ဖွဲ့စည်း တည်ဆောက်သည့်နေရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကို လူ၊ လက်နက်ဖွဲ့စည်းမှု အဆင့်မြှင့်တင်ခြင်းသာမက တပ်မတော်(ရေ) အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများအပြင် တပ်မတော်(လေ) အတွက် လိုအပ်သည့်လေယာဉ်များ၊ ရဟတ်ယာဉ်များအား အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်ခေတ်မီလေယာဉ်၊ရဟတ်ယာဉ်များရရှိရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့ကိုလည်း ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့ပြီး စစ်ရေးပြအခမ်းအနားများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများတွင်ခမ်းနားစွာဖြင့်ပါဝင်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း။

## စစ်ရေးဆိုင်ရာမြှင့်တင် ဆောင်ရွက်ပေးခဲ့မှု

တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်လည်း မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တပ်မတော်ပညာရေးကျောင်းများ ဖွင့်လှစ်ကာ ပညာရေးအားနည်းသည့်တပ်မတော်သားများကို အတန်းပညာမြင့်မားလာစေရေး တက်ရောက်သင်ကြားစေခဲ့ကြောင်း၊ တပ်မတော်ပညာရေးကျောင်းများမှ တစ်ဆင့်တာဝန်ထမ်းဆောင်ဆဲစစ်သည်များ အားလုံးအနည်းဆုံးအခြေခံပညာမူလတန်းအဆင့်ကို အောင်မြင်ပြီးဆုံးသည်အထိ သင်ကြားတတ်မြောက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်သားများ၏ပညာရည်မြှင့်တင်ရေးများကို ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ တပ်မတော်သားများ၊ အငြိမ်းစားတပ်မတော်သားများ၏ပညာရည်မြင့်မားရေးကိုလည်း အလေးပေးမြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၏ ပညာရည်မြှင့်တင်ရေးအတွက် ပညာသင်နှစ်အလိုက် လစဉ်ချီးမြှင့်ငွေများပေးအပ်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်း၊ ပညာသင်ဆုများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် **၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ဂုဏ်ထူး(၃) ဘာသာနှင့်အထက် ရရှိအောင်မြင်ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ ဂုဏ်ထူး(၁)ဘာသာနှင့်အထက် စစ်သည်များ၊ လူရည်ချွန်ရရှိသူများ၊ ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း (ပထမ၊ ဒုတိယနှင့် တတိယ) ရရှိသူများနှင့် အောင်ချက်အကောင်းဆုံး တပ်မတော်ပညာရေးကျောင်းများက ကျောင်းအုပ်ကြီးများကို နှစ်စဉ်ဆုများပေးအပ်ချီးမြှင့်ပေးခဲ့**ကြောင်း၊ ထိုသို့ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ဆုချီးမြှင့်ခဲ့မှုအရေအတွက်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ (၆)ဘာသာ ၄၈၇ ဦး၊ (၅) ဘာသာ ၉၆၂ ဦး၊ (၄)ဘာသာ ၁၅၀၈ ဦး၊ (၃) ဘာသာ ၁၉၈၀ ဦး၊ (၂)ဘာသာ ၂၇၅၉ ဦးနှင့် (၁)ဘာသာ ၉၄၀၄ ဦး၊ ဂုဏ်ထူးရ စုစုပေါင်း ၁၇၁၀၀ ဦးရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှစပြီး ၂၀၂၅ ခုနှစ်အထိ ဘက်စုံထူးချွန်ဆု ရရှိသူများ၊ ဂုဏ်ထူး ၅ ဘာသာ၊ ၆ ဘာသာရရှိသူများ၊ အမှတ်အများဆုံး ရရှိကြသူများနှင့် အမှတ်အများဆုံးရရှိသည့် စစ်သည်များကို တပ်မတော်အထက်တန်းကျောင်း၊ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီး ၂ ဦးတို့နှင့်အတူ နှစ်စဉ် ပြည်ပလေ့လာရေးခရီးစေလွှတ်ပေးခဲ့ပြီး ယခုအချိန်အထိ ကျောင်းသား၊ ကျောင်းသူ ၂၇၁ ဦးကို စေလွှတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် မသန်စွမ်းဖြစ်သွားသည့် တပ်မတော်သားများ၊ သေဆုံး၊ ကျဆုံးခဲ့ရသည့် တပ်မတော်သားများ၏ မိသားစုများနှင့် သက်ပြည့်အငြိမ်းစား တပ်မတော်သားများ ဘဝကောင်းမွန်စွာ ရပ်တည်နေထိုင်နိုင်ရေးအတွက်လည်း နယ်မြေဒေသအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အဆင့်မြင့်/တန်ဖိုးသင့်စစ်မှုထမ်းဟောင်းအိမ်ရာနေရာ(၂၁)နေရာရှိပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောက်လုပ်ပြီးအခန်း ၆၈၀၀ ကျော်၊ ဆောက်လုပ်ဆဲအခန်း ၄၀၀၀ ကျော်နှင့် နေရာချထားပေးရန် ဆောင်ရွက်ဆဲအခန်း ၈၇၀ ရှိကြောင်း။

တပ်မတော်သားများနှင့်တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တပ်မတော်ဆေးရုံများအသစ်တိုးချဲ့ပေးခြင်း၊ လိုအပ်သည့်ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ပြည်သူလူထုကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက်လည်း တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်ကုသပေးခြင်း၊ မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ကိုစေလွှတ်၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများနှင့် တပ်မတော်သားမိသားစုဝင်များ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကိုသာမက ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကိုလည်း ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး **တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များအား ဒေသခံပြည်သူလူထု၏ လှိုက်လှိုက်လှဲလှဲကြိုဆိုမှု၊ ယုံကြည်အားကိုးခံရမှုများသည်တပ်မတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ပြည်သူကအားကိုးရသည့် တပ်မတော်အဖြစ် သက်သေပြနေခြင်းပင်ဖြစ်**ကြောင်း။

ထို့ပြင် နိုင်ငံတော်နှင့်တပ်မတော်အတွက် ကိုယ်ကျိုးစွန့်ကာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များကိုလည်း မိမိအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များနှင့် လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး ထိုက်တန်သည့် ချီးမြှင့်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ချီးမြှင့်ပေးအပ်ခဲ့ရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အရာရှိ၊ စစ်သည်

**စာမျက်နှာ ၇ သို့** ➤

➤ **စာမျက်နှာ ၆ မှအဆက်**

ဦးရေ စုစုပေါင်း ၁၁၀၀၀၀ ကျော်ကို ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း။

**စစ်ထောက်ဆိုင်ရာ**

**တပ်မတော်သားများနှင့် မိသားစုဝင်များ အဆင်ပြေစွာဖြင့် နေထိုင်နိုင်ရေး နေအိမ်လိုင်းခန်းများကို အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းတည်ဆောက်ပေးခဲ့သကဲ့သို့ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဌာနချုပ်များတွင် မိုးလုံလေလုံအားကစားရုံများနှင့် အဆင့်မီဘောလုံးကွင်းများကိုလည်း တည်ဆောက်ပေးနိုင်ခဲ့**ကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်ပတ်သက်၍ တပ်မတော်ကုန်စည်များကို အဆင်ပြေချောမွေ့စွာဖြင့် သယ်ဆောင်နိုင်ရန်နှင့်တပ်မတော်သားများနှင့် မိသားစုဝင်များ သွားလာမှုအဆင်ပြေစေရေးအတွက် တပ်မတော်ပိုင် မီးရထားစက်ခေါင်းများနှင့် မီးရထားတွဲများကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး တပ်မတော်မီးရထားစနစ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများ၏ရိက္ခာစိုင်ငွေများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်အတွက်လိုအပ်သည့် မော်တော်ယာဉ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအားလုံးအတွက် နေရာဒေသအလိုက် တာဝန်ထမ်းဆောင်မှုအလိုက် သက်ဆိုင်ရာ ယူနီဖောင်းများဝတ်ဆင်ရာတွင် အဆင့်မီသည့် ယူနီဖောင်းများဝတ်ဆင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ **တပ်မတော်သားများ၏ဝတ်စားဆင်ယင်မှုများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေး တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအခါ ဝတ်စားဆင်ယင်မှုများပိုမိုတိုးတက်လာခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်**ကြောင်း၊ တပ်မတော်မိုးရေကာဖျင်စက်ရုံ၊ တပ်မတော်သားရေစက်ရုံ၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံတို့ကို အဆင့်မြှင့်တင်မှုပြုလုပ်နိုင်ခဲ့ပြီး တပ်မတော်သားများအတွက် လိုအပ်သည့် အရည်အသွေးကောင်းမွန်သည့် ရှူးဖိနပ်များအပါအဝင် လိုအပ်သည့်အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အခမ်းအနားဝတ်စုံ ၂၆ စုံ၊ တိုက်ပွဲဝင်ဝတ်စုံ ၃၀ စုံ၊ ဗိုလ်လောင်းဝတ်စုံ ၂၅ စုံ၊ လုပ်ငန်းခွင်ဝတ်စုံ ၂၈ စုံအပါအဝင် တပ်မတော် (ကြည်း၊ ရေ၊ လေ) တစ်ရပ်လုံးအတွက် ဝတ်စုံအသစ် ၁၇၃ စုံတို့ကို တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

**တပ်မတော်(ရေ)နှင့်**
**တပ်မတော်(လေ) အား**
**အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့မှု**

ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် အင်အားတောင့်တင်းရန်လိုသကဲ့သို့ စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်ရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ခြေလျင်တပ်ဖွဲ့များအပြင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့ကိုလည်း အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်(ရေ)နှင့်ပတ်သက်၍ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ချိန်တွင် တပ်မတော်(ရေ)အတွက် လိုအပ်သည့် စစ်ရေယာဉ်များကို ပြည်တွင်း၌တည်ဆောက်ပြီး တပ်တော်ဝင်နိုင်သကဲ့သို့ ပြည်ပနိုင်ငံများမှ ဝယ်ယူဖြည့်တင်းခြင်းများကိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့ကိုလည်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ရေငုပ်သင်္ဘောစစ်ရေယာဉ် မင်းရဲသိခ်သူနှင့် မင်းရဲကျော်ထင်တို့ကို တပ်တော်ဝင်အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်ပိုင်သင်္ဘောကျင်းမှ စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်နိုင်သည့် ဒေသတွင်းတစ်ခုတည်းသော တပ်မတော်ဖြစ်ကြောင်း၊ မကြာမီက တပ်တော်ဝင်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ် (သာလွန်မင်း)သည် မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်ဒီဇိုင်းဖြင့် ပြည်တွင်း၌ တည်ဆောက်သည့် သင်္ဘောများတွင် အကြီးဆုံးဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်ရေယာဉ်များကို ပြည်တွင်း၌ပင် တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ရေပြင်ပိုင်နက်ကို ပိုမိုစိုးမိုးကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို အဆင့်မြှင့်တင်ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် ဖြည့်တင်းဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ရေကြောင်းအကျိုးစီးပွားများနှင့် ရေကြောင်းလုံခြုံရေးကို ပိုမိုစောင့်ကြည့်ကာကွယ်နိုင်ခဲ့ကြောင်း၊ **ရေတပ်သားတစ်ဦးချင်းအနေဖြင့် နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်လုံခြုံရေးနှင့်ရေကြောင်းအကျိုးစီးပွားကာကွယ်ရေးတို့အတွက် မိမိတို့ကိုင်တွယ်အသုံးပြုနေရသည့် လက်နက်ပစ္စည်းများနှင့် စက်ကိရိယာများကို စနစ်တကျကိုင်တွယ်အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်**လိုကြောင်း။

တပ်မတော်(လေ)နှင့်ပတ်သက်၍ မိမိတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်/ရဟတ်ယာဉ်များကို ဖြည့်တင်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးလေယာဉ်/ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်/ ရဟတ်ယာဉ်များကို နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုထပ်မံဖြည့်တင်းထားသည့် လေယာဉ်/ရဟတ်ယာဉ်များသည် နိုင်ငံတကာ(လေ)တပ်များနည်းတူ စွမ်းဆောင်ရည်ရှိသည့် ခေတ်နှင့်လျော်ညီသည့် လေယာဉ်၊ ရဟတ်ယာဉ်များဖြစ်ကြောင်း၊ တပ်မတော်(လေ)မှ လေသူရဲများအနေဖြင့်လည်း တစ်ဦးချင်းစွမ်းရည်များပြည့်ဝသည့် လေသူရဲများအဖြစ်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး လူသားအရင်းအမြစ်သည် အရေးကြီးသည့်အတွက် လေသူရဲများ၊ စက်မှုလက်မှုစစ်သည်များ၊ အတတ်ပညာရှင်စစ်သည်များ၏ လေ့ကျင့်ရေးစွမ်းရည်မြှင့်တင်နိုင်ရေး လေယာဉ်အမျိုးအစားအလိုက် Simulator များဖြင့် အဆင့်မြှင့်တင်လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ **တပ်မတော်(လေ) အနေဖြင့် တိုးတက်ပိုင်ဆိုင်လာသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို အသုံးပြုပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားမြင့်မားရေး၊ နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်**လိုကြောင်း။

**လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊**
**သက်သာချောင်ချိရေးနှင့်**
**စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်**
**ဆောင်ရွက်ပေးနိုင်ခဲ့မှု**

တပ်မတော်တစ်ခုကို တည်ဆောက်ရာတွင် လေ့ကျင့်ရေးသည် မဖြစ်မနေအရေးကြီးလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ မည်မျှပင်အစွမ်းထက်သည့်လက်နက်များကို ပိုင်ဆိုင်ထားသည်ဖြစ်စေ ကိုင်တွယ်အသုံးပြုသွားမည့် အရာရှိ၊ စစ်သည်များ၏ စွမ်းရည်များပြည့်မီမှုမရှိပါက အသုံးဝင်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်ဆောင်ပုဒ်နှင့်အညီ စစ်သည်တစ်ဦးချင်းအနေဖြင့် လေ့လာမှတ်သားမှုများ စဉ်ဆက်မပြတ်ပြုလုပ်ခြင်း၊ လေ့ကျင့်မှုများ အမြဲမပြတ်ဆောင်ရွက်ခြင်း၊ ရရှိထားသည့် လေ့လာထားမှု၊ လေ့ကျင့်ထားမှုတို့အပေါ် လက်တွေ့လိုက်နာဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ချိန်ကာလအတွင်း (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ခေတ်နှင့်လျော်ညီသည့် ပူးပေါင်းလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့်ပတ်သက်၍ အဆင့်အလိုက် သင်တန်းများကို တိုးချဲ့ဖွင့်လှစ်လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ အဆင့်မြင့်စာပေပါရဂူဘွဲ့များပေးအပ်နိုင်ရေးအတွက်လည်း တပ်မတော်စာပေဌာနများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အထက်အောက် ညီညွတ်မျှတသည့်အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုကောင်းရှိရန်နှင့် စစ်စည်းကမ်းလိုက်နာမှုကောင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **အုပ်ချုပ်သူများအနေဖြင့် ခေါင်းဆောင်ကောင်းစိတ်နှင့် ဖခင်သဖွယ်စိတ်ထားရှိ၍ ကွပ်ကဲအုပ်ချုပ်မှုကောင်းကို ဖော်ဆောင်သွားကြရန်လို**ကြောင်း၊ စစ်သည်တစ်ဦးချင်းစီ၏ နေထိုင်စားသောက်မှုအဆင်ပြေစေရေးနှင့် ရပိုင်ခွင့်များအားလုံး ပြည့်ဝစွာရရှိစေရေးဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း မိမိတို့တတ်စွမ်းသရွေ့ ဖြေရှင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ သက်သာမှုရှိစေရေး ထောက်ပံ့ပေးသည့် ငွေကြေး၊ ပစ္စည်းအသုံးအဆောင်များ၊ အစားအသောက်များ ဖြည့်ဆည်းပေးခြင်းသာမကဘဲ လက်အောက်ငယ်သားများ၏ နေထိုင်ရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့၌ အဆင်ပြေမှုရှိအောင်ဆောင်ရွက်ပေးရန်လည်းဖြစ်ကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုကာလနှင့်တတ်မြောက်ထားသည့်ပညာရပ်များအလိုက် အဆင့်တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လစဉ်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ စားဝတ်နေရေးပိုမိုအဆင်ပြေစေရန်အတွက် လစဉ်ထောက်ပံ့ကြေးငွေ ၃၀၀၀၀ ကျပ်ကို ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ၃ ကြိမ်တိုင်တိုင် တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် တာဝန်ထမ်းဆောင်မှု အထူးထောက်ပံ့ကြေးအဖြစ် အမှုထမ်းသက်များအလိုက်အထူးထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်ထားရှိကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **တစ်ဦးချင်းသက်သာချောင်ချိရေးအတွက် အသုံးနှင့်အဖြုန်းကို သိရှိနားလည်ရန်လို**ကြောင်း၊ အလားတူ**အသောက်အစားအပျော်အပါးများကို ရှောင်ကြဉ်ခြင်းဖြင့်လည်း တစ်ဦးချင်း၏ငွေကြေးသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်**ကြောင်း။

စိတ်ဓာတ်ပိုင်းဆိုင်ရာ တည်ဆောက်မှုနှင့်ပတ်သက်၍ တပ်မတော်သားများအားလုံးအနေဖြင့် တိုင်းပြည်ချစ်စိတ်ရှိပြီး ယုံကြည်ချက်ခံယူချက်ကောင်းရန် လိုသကဲ့သို့ တပ်မတော်၏ ယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် အားကစားပွဲများကိုလည်းကျင်းပပြုလုပ်ပေးလျက်ရှိပြီး အားကစားပြိုင်ပွဲများမှတစ်ဆင့် စိတ်ဓာတ်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတပ်ကိုချစ်မြတ်နိုးသည့်စိတ်၊ မိမိတပ်ဖွဲ့ကို ချစ်မြတ်နိုးသည့်စိတ်၊ တပ်မတော်ကို ချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်တည်နေသရွေ့ တပ်မတော်သည် အမြဲတည်ရှိနေမည်ဖြစ်**ကြောင်း၊ တပ်မတော်သည်အမိ၊ တပ်မတော်သည်အဖ ဆိုသည့်အတိုင်း စည်းလုံးညီညွတ်မှုအားများကို တည်ဆောက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကို ကာကွယ်မယ်ဟူသည့် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့် မိမိတို့သဘောဆန္ဒအလျောက်တပ်မတော်အတွင်း ဝင်ရောက်လာကြခြင်းဖြစ်သည့်အတွက် အသက်ခန္ဓာပေးဆပ်ပြီး တာဝန်ထမ်းဆောင်နေမှုအပေါ် ဂုဏ်ယူကာ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ ခရီးစဉ်ပေါင်း ၅၃ ကြိမ်သွားရောက်နိုင်ခဲ့ပြီး အဆိုပါခရီးစဉ်များမှတစ်ဆင့် ခေတ်မီတပ်မတော်ထူထောင်ရေး လက်တွေ့လေ့လာနိုင်ခဲ့ပြီး တပ်မတော်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံတော်အကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်ချိန်တွင်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယခုအချိန်အထိ နိုင်ငံပေါင်း ၆ နိုင်ငံသို့ ခရီးစဉ်ပေါင်း ၁၂ ကြိမ်သွားရောက်ခဲ့ပြီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တပ်မတော်မှ အရာရှိ၊ စစ်သည်များကိုလည်း နိုင်ငံတကာသို့ ပညာတော်သင်များအဖြစ် စေလွှတ်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လေ့ကျင့်ခန်းများ စေလွှတ်ခြင်း၊ နိုင်ငံတကာတပ်မတော်ဆိုင်ရာဆွေးနွေးပွဲများ စေလွှတ်ခြင်းနှင့် ချစ်ကြည်ရေးခရီးစဉ် စုစုပေါင်း ၂၈၉၂ ကြိမ် စေလွှတ်နိုင်ခဲ့ပြီး အရာရှိ ၇၀၀၀ ကျော်နှင့် စစ်သည် ၇၀၀ ကျော်ကို စေလွှတ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာတပ်မတော်များနှင့် ထိတွေ့ဆက်ဆံမှုများ တိုးတက်လာစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံများ တိုးတက်လာစေရေး စေလွှတ်ပေးခြင်းပင်ဖြစ်ကြောင်း။

**နိုင်ငံရေးအစိုးရများအနေဖြင့် ရွေးချယ်တင်မြှောက်ခံရသူများဖြစ်ပြီး သတ်မှတ်ကာလများအလိုက် ပြောင်းလဲနေမည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် အစိုးရများကဲ့သို့ ပြောင်းလဲမည်မဟုတ်ဘဲ လက်ဆင့်ကမ်းတာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ခြင်းဖြစ်**ကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် ၁၅ နှစ်တာကာလအတွင်း တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်အောင်ကြိုးစားဆောင်ရွက်ပေးခဲ့ကြောင်း၊ **တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိ**ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံးအနေဖြင့် နိုင်ငံတော်နှင့်ခေါင်းဆောင်အဆက်ဆက် အမြော်အမြင်ရှိရှိချမှတ်ထားခဲ့သည့် **"မွန်မြတ်သည့်လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်သွားကြရန်"** အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် ၁၅ နှစ်တာကာလအတွင်း လက်တွဲညီညီဖြင့် တပ်မတော်၏ကောင်းရာကောင်းကျိုး၊ နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများအတွက် အတူတကွဆောင်ရွက်ခဲ့မှုများအပေါ် ကျေးဇူးတင်ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်၊ စက်မှုအတတ်ပညာ(သင်္ချာ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံထုတ်လုပ်ရေး(၂))နှင့် မွေးမြူရေးအတတ်ပညာ (ဝက်မွေးမြူထုတ်လုပ်ရေး) ဘာသာရပ်များအား ဆက်လက်ဖြေဆို




ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် ဖြေဆိုပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို အားပေးစကား ပြောကြားစဉ်။



ကျောက်တန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



ပြည်ကြီးတံခွန်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ညောင်ဦးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



မကွေးမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

နေပြည်တော် မတ် ၁၃

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ ယနေ့စာမေးပွဲဖြေဆိုမှု တတိယနေ့တွင် သက်ဆိုင်ရာဘာသာရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ထိုသို့တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရာတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနတို့၌ သင်္ချာဘာသာရပ်အား ဖြေဆိုလျက်ရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း စက်မှုအတတ်ပညာ(သင်္ချာ)၊ စိုက်ပျိုးရေးအတတ်ပညာ (သီးနှံထုတ်လုပ်ရေး(၂)) နှင့် မွေးမြူရေးအတတ်ပညာ (ဝက်မွေးမြူထုတ်လုပ်ရေး)ဘာသာရပ်များကို ဖြေဆိုလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်တွင် မြန်မာစာဘာသာရပ်နှင့် မတ်လ ၁၂ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်တို့ကိုဖြေဆိုခဲ့ပြီး မတ်လ ၁၃ ရက် ယနေ့တွင် သင်္ချာဘာသာရပ်၊ စက်မှုအတတ်ပညာ(သင်္ချာ)၊ စိုက်ပျိုးရေးအတတ်ပညာ(သီးနှံထုတ်လုပ်ရေး(၂)) နှင့် မွေးမြူရေးအတတ်ပညာ (ဝက်မွေးမြူထုတ်လုပ်ရေး)ဘာသာရပ်များကို ဖြေဆိုလျက်ရှိကြောင်း၊ **စာမျက်နှာ ၉ သို့** ■




မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



တနိုင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ကာမိုင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



ကလိန်အောင်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



တောင်ငူမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

■ စာမျက်နှာ ၈ မှအဆက်

မတ်လ ၁၄ ရက် စနေနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ်လ ၁၆ ရက် တနင်္လာနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ်လ ၁၇ ရက်အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၈ ရက်နေ့အထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကာ မတ်လ ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သတင်းရရှိသည်။



“စာမေးပွဲအတွက် ပြင်ဆင်ထားတာကတော့ ကျွန်တော် တစ်နှစ်လုံးပဲ။ မနက် ၅ နာရီထိုးထ၊ ည ၁၂ နာရီထိုးထိ လုံးပန်းပြီးတော့ စာမေးပွဲအတွက် အကောင်းဆုံး ပြင်ဆင်လာပါတယ်။ ပထမဆုံးဖြေဆိုရတဲ့နေ့ကတော့ စိတ်လှုပ်ရှားပါတယ်။ တဖြည်းဖြည်းနဲ့ ဒီအတိုင်းဖြေဆိုရင်းနဲ့ ပထမနေ့က မြန်မာစာနေ့ဆိုတော့ ပထမဆုံးအနေနဲ့ ပိုပြီးတော့စိတ်လှုပ်ရှားပါတယ်။ တဖြည်းဖြည်းနဲ့တော့ ရင့်လာပြီးတော့ သိပ်ပြီးတော့စိတ်လှုပ်ရှားမှု မရှိတော့ပါဘူး။ စာမေးပွဲမဖြေဆိုမီ ကျွန်တော်တို့ စနစ်တကျ နားချိန်နား၊ စာလုပ်ချိန်စာလုပ် ဆရာတွေသင်ပြတဲ့အတိုင်း စနစ်တကျလိုက်လုပ်ပြီးတော့ ကျွန်တော်တို့အကောင်းဆုံးတော့ ပြင်ဆင်လာပါတယ်။ စာမေးပွဲဆိုတာကတော့ ကျွန်တော်တို့အနာဂတ်၊ ကျောင်းသားတိုင်းအတွက် အနာဂတ်အတွက် တစ်ဆစ်ချိုးပြောင်းလဲစေတဲ့ဟာပဲ။ ဒီစာမေးပွဲက အလွှာပါးပါးလေးပေါ့။ ကျွန်တော်တို့ ဆက်လျှောက်ရမယ့်လမ်းကို တက်နိုင်မယ့်လမ်းအတွက် အရေးကြီးတဲ့စာမေးပွဲတစ်ခုပါ။ စာမေးပွဲဖြေပြီးတော့ထွက်လာတဲ့အမှတ်ကိုကြည့်ပြီးတော့ ကျွန်တော်အကောင်းဆုံးမေဂျာကို ရွေးပြီးတော့ အကောင်းဆုံးဖြစ်အောင် ဆက်လုပ်သွားဖို့ပဲရှိပါတယ်”ဟုပြောသည်။



“စာမေးပွဲအတွက်ကတော့ ထွေထွေထူးထူးပြင်စရာမရှိပါဘူး။ နေ့တိုင်းသင်နေတဲ့စာတွေကို လေ့လာကျက်မှတ်ပြီးတော့မှ ဆရာ၊ ဆရာမတွေရဲ့ပြောတဲ့ စကားအောက်မှာ လိုက်ပြီးတော့လုပ်ထားတာဆိုတော့အဆင်ပြေပါတယ်။ နည်းနည်းတော့ စိတ်လှုပ်ရှားတာပေါ့။ ဒါပေမဲ့ ကိုယ်က အကောင်းဆုံးကြိုးစားထားတဲ့အတွက် ဘယ်လိုမှမနေပါဘူး၊ အဆင်ပြေပါတယ်။ ဆရာမတွေကပြောထားပြီးသားဒီအချိန်မှာ ဘာလုပ်ရမယ်၊ ဆရာမတွေကပေးထားတဲ့ အချိန်ဇယားနဲ့ လေ့လာပြီး အဆင်ပြေအောင်လုပ်ခဲ့ပါတယ်။ စာမေးပွဲပြီးသွားရင်တော့ ရည်မှန်းချက်ကတော့ ကျောင်းဆရာမလုပ်ဖို့ရှိပါတယ်” ဟုပြောသည်။






ဒိုက်ဦးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကိုတွေ့ရစဉ်။

“စိုက်ပျိုးရေးက အင်မတန်မှအသုံးဝင်တဲ့ ဘာသာရပ်တစ်ခု၊ ပညာရပ်ဘာသာတစ်ခုဖြစ်တဲ့အတွက် စိုက်ပျိုးရေးပညာကို ကိုယ်တိုင်ရော သမီးလေးကိုရှင်းပြပြီး ရွေးချယ်ပြီးတော့ စိုက်ပျိုးရေးပညာကို သင်ယူစေခဲ့တာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း လေ့လာပြီး ဆရာမတွေနဲ့လည်း တိုင်ပင်တယ်ပေါ့။ အားလုံးနဲ့ လုပ်ပြီးတော့ သူလိုအပ်မယ့်အရာလေးတွေကိုရှာဖွေပေးပြီးတော့ သမီးနဲ့အတူတူ Guide လုပ်ပြီးတော့ လေ့ကျင့်ပေးခဲ့ပါတယ်။ မွေးမြူရေးကျောင်းသည် ပထမဆုံး အပတ်စဉ်လည်းဖြစ်တယ်။ ပထမဦးဆုံးအတွေ့အကြုံ ကိုယ်တွေဘဝမှာတောင်မှ ပထမဦးဆုံးဖြေရတဲ့ စာမေးပွဲ၊ ပထမဦးဆုံးအတွေ့အကြုံဖြစ်တဲ့အပေါ်မှာလည်း ဂုဏ်လည်း ဂုဏ်ယူပါတယ်။ မိဘတစ်ယောက်အနေနဲ့။ သုံးနှစ်ပြီးဆုံးအောင် တက်ခွင့်ရခဲ့တဲ့အတွက်လည်း ဆရာကြီးအပါအဝင်ပေါ့၊ ဆရာ၊ ဆရာမတွေ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောကြားရင်း ကလေးတွေအားလုံးကလည်း ထူးထူးချွန်ချွန်နဲ့ အောင်အောင်မြင်မြင်လေး အေးအေးချမ်းချမ်းဖြေဆိုနိုင်ပါစေလို့ မေတ္တာပို့သပါတယ်”ဟု ပြောသည်။

(၁၀၀)

# မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်အမှာစကား

**အားလုံးမင်္ဂလာပါ။**

ယနေ့ကျင်းပတဲ့ **"မြန်မာ့မျက်နှာစာသစ်ဖိုရမ်"**ကို တက်ရောက်လာကြတဲ့ နိုင်ငံတော်လုံခြုံရေးနဲ့အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ကျင်းပတဲ့ ဆွေးနွေးပွဲဟာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများမှာ အမြင်ကျယ်ကျယ်နဲ့ ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ကြိုတင်သိမြင်နိုင်စေဖို့၊ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်/သွင်းကုန်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍတွေမှာ ဥပဒေများရေးဆွဲကြတဲ့အခါ ချဉ်းကပ်ဆောင်ရွက်ရမယ့်နည်းလမ်းများနဲ့ ထိရောက်တဲ့ဥပဒေတွေရေးဆွဲပြဋ္ဌာန်းနိုင်စေဖို့၊ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်သင့်တဲ့အချက်အလက်တွေ၊ နိုင်ငံတကာမှာကျင့်သုံးနေတဲ့အချက်အလက်တွေကို သိရှိနိုင်စေဖို့၊ နိုင်ငံတော်အစိုးရသစ်လုပ်ငန်းများဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းကူညီဆောင်ရွက်နိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်(၄)ရပ်နဲ့ကျင်းပတယ်လို့ သိရပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့မျက်နှာစာသစ်ဖိုရမ်(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ **ဖိုရမ်ကို "နိုင်ငံ့မျက်နှာစာသစ်"လို့ အမည်တပ်ထားပေမယ့် နိုင်ငံရဲ့ ရုပ်ပိုင်းဆိုင်ရာ မျက်နှာစာသစ်တစ်ခုတည်းကို ဆိုလိုတာမဟုတ်ဘဲ စိတ်သစ်၊ လူသစ်၊ အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်၊ လုပ်နည်းလုပ်ဟန်သစ်၊ Vision အသစ်၊ Mission အသစ်တို့ကိုပါ ထည့်သွင်းညွှန်းဆို ရည်ရွယ်တာဖြစ် . . .**

❖ **လွတ်လပ်ရေးကြေညာစာတမ်းဟာ မျက်မှောက်ခေတ်နိုင်ငံသားတွေအတွက်သာမက နောင်မျိုးဆက်သစ် နိုင်ငံသားများကပါ လေးစားလိုက်နာပြုကျင့်ကြရမယ့် သမိုင်းပေးတာဝန်တွေဖြစ်တယ်ဆိုတာ အထင်အရှားတွေ့မြင်ရမှာဖြစ် . . .**

❖ **နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်တဲ့အခါ အကောင်းမြင်လွန်းခြင်း၊ အဆိုးမြင်လွန်းခြင်းဆိုတဲ့ အစွန်းတရား ၂ ပါးကိုရှောင်ရှားပြီး ပကတိအခြေအနေ၊ ပကတိအမြင်များနဲ့သာ ရှုမြင်သုံးသပ်ပြောဆိုကြရမှာဖြစ် . . .**

တကယ်တော့ ဒီဖိုရမ်ကို **"နိုင်ငံ့မျက်နှာစာသစ်"**လို့ အမည်တပ်ထားပေမယ့် နိုင်ငံရဲ့ ရုပ်ပိုင်းဆိုင်ရာမျက်နှာစာသစ်တစ်ခုတည်းကို ဆိုလိုတာမဟုတ်ဘဲ စိတ်သစ်၊ လူသစ်၊ အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်၊ လုပ်နည်းလုပ်ဟန်သစ်၊ Vision အသစ်၊ Mission အသစ်တို့ကိုပါ ထည့်သွင်းညွှန်းဆို ရည်ရွယ်တာဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံရဲ့လွတ်လပ်ရေးကြေညာစာတမ်းကိုပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့နိုင်ငံ့ခေါင်းဆောင်ကြီးတွေဟာ လွတ်လပ်ရေးကို လေးစားမြတ်နိုးတန်ဖိုးထားထိန်းသိမ်းသူတွေ၊ ငြိမ်းချမ်းရေးကို အလေးထားသူတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူတွေဖြစ်တယ်ဆိုတာတွေ့ကြရမှာဖြစ်ပါတယ်။

**"ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီးရဲ့သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်။ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သောနိုင်ငံအပေါင်းတို့ တရားသဖြင့်ကျင့်ဆောင်အပ်သော ကျင့်ဝတ်ကိုစောင့်ရှောက်ကျင့်ဆောင်ပါမည်။ ငါတို့၏လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့လိုလားသူများနှင့်အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤငါတို့ကြေညာချက်ကိုတစ်ကမ္ဘာလုံးတစ်ယောက်မကျန်ကြားသိစေသတည်း"** လို့ ရေးသားကြေညာခဲ့တာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။

အဲ့ဒီလွတ်လပ်ရေးကြေညာစာတမ်းဟာ မျက်မှောက်ခေတ်နိုင်ငံသားတွေအတွက်သာမက နောင်မျိုးဆက်သစ်နိုင်ငံသားများကပါ လေးစားလိုက်နာပြုကျင့်ကြရမယ့် သမိုင်းပေးတာဝန်တွေ ဖြစ်တယ်ဆိုတာ အထင်အရှားတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ လွတ်လပ်ရေးရရှိခဲ့တာ နှစ်ပေါင်း ၈၀ ကျော်ရှိခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာကို ကျွန်တော်တို့အားလုံးက လေးစားမြတ်နိုးတန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းနေကြရဆဲဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာလည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေရဆဲဖြစ်တာ အားလုံးအသိပဲဖြစ်ပါတယ်။

## ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ

နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်တဲ့အခါ အကောင်းမြင်လွန်းခြင်း၊ အဆိုးမြင်လွန်းခြင်းဆိုတဲ့ အစွန်းတရား ၂ ပါးကို ရှောင်ရှားပြီး ပကတိအခြေအနေ၊ ပကတိအမြင်များနဲ့သာ ရှုမြင်သုံးသပ်ပြောဆိုကြရမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး မြန်မာ့နိုင်ငံရေးလမ်းကြောင်းဟာ လှိုင်းလေထန်ခဲ့တယ်လို့ ပြောဆိုသူတွေရှိကြသလို နာတာရှည်ခရီးကြမ်းကြီးပါလို့ ပြောဆိုကြသူတွေလည်းရှိကြပါတယ်။ ၁၉၄၈ ခုနှစ်နောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းဟာ အကောင်းအဆိုးတို့ ရောပြွမ်းဖြစ်တည်နေခဲ့တာကို တွေ့ကြရမှာဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသက်ဆိုးအရှည်ဆုံးနိုင်ငံလို့တောင် ပြောစမှတ်ပြုခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီး ၂လအကြာကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကြီးစိုးလာခဲ့တာဟာ ယနေ့အချိန်ထိ ချုပ်ငြိမ်းပျောက်ကွယ်မှုမရှိနိုင်သေးတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပျောက်ကွယ်မှုမရှိသေးတာဟာ အချို့သောလက်နက်ကိုင်တပ်ဖွဲ့များရဲ့ကိုယ်ကျိုးစီးပွားအခြေခံတဲ့လက်နက်ကိုင်လမ်းစဉ်တွေကြောင့်လို့ဆိုနိုင်သလို အမျိုးသားနိုင်ငံရေးအပေါ်ခံယူကျင့်သုံးခဲ့မှု အားနည်းခဲ့တာကြောင့် ယုံကြည်ချက်၊ ခံယူချက်တွေ လွဲမှားကြတာကြောင့်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

အမျိုးသားရေးမူဝါဒနဲ့ အမျိုးသားနိုင်ငံရေးဆိုတာဟာ လူထုလူတန်းစားရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ထက်အရေးကြီးတယ်ဆိုတာကို နိုင်ငံသားအားလုံး သတိပြုကြဖို့လိုအပ်ပါတယ်။ ဘယ်နိုင်ငံရဲ့အမျိုးသားရေးဝါဒကိုပဲကြည့်ကြည့် မိမိတို့ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းနဲ့သီးခြားခွဲထွက်မနေဘဲ ဆက်စပ်နေတယ်ဆိုတာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အမျိုးသားရေးဝါဒ၊ အမျိုးသားနိုင်ငံရေးဆိုတာကတော့ ကျွန်တော်တို့အမြဲတမ်းပြောနေတဲ့ ဒို့တာဝန်အရေးသုံးပါးပဲလို့ ပြောကြားလိုပါတယ်။

**တကယ်တော့ စစ်ပွဲတိုင်း ဒါမှမဟုတ် လက်နက်ကိုင်ပဋိပက္ခတိုင်းဟာ နိုင်ငံရေးနဲ့ကင်းလွတ်တာမဟုတ်တဲ့အတွက် နိုင်ငံရေးနည်းနဲ့ညှိနှိုင်းအဖြေရှာကြရမှာဖြစ်**ပါတယ်။ ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရလွတ်လပ်မှုတွေရှိနေပါပြီ။ ယခင်က မပြောနိုင်တဲ့ကိစ္စတွေ၊ မပြောရဲတဲ့ကိစ္စတွေကို ပြောရဲဆိုရဲပြောနိုင်ဆိုနိုင်ရှိလာကြပြီဖြစ်ပါတယ်။ ယခင်က မမျှော်လင့်ရဲတာတွေ မျှော်လင့်နိုင်သလို ယခင်က မမက်ရဲခဲ့တဲ့ အိပ်မက်တွေကိုတောင် မက်ခွင့်ရနေပါပြီ။ တစ်နည်းအားဖြင့်ပြောရရင် **ကမ္ဘာ့နိုင်ငံအားလုံးနီးပါး မျက်နှာမူရာဖြစ်နေတဲ့ ဒီမိုကရေစီစနစ်ကို စနစ်တကျပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံရေးအသစ်၊ ယဉ်ကျေးမှုအသစ်တွေကို ပြောင်းလဲပေးနိုင်ခဲ့ပြီဖြစ်**ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်တပ်မတော်ဟာ နိုင်ငံသားအားလုံးလိုလားတဲ့ ဒီမိုကရေစီစနစ်ကို စတင်အသက်သွင်းနိုင်ခဲ့သလို ယခုတစ်ဖန် အရေးကြီးတဲ့နိုင်ငံရေးအလှည့်အပြောင်းကြီး တစ်ခုကိုလည်း အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ပြီဆိုတာကိုလည်းကျွန်တော်အလေးအနက်ပြောကြားလိုပါတယ်။

❖ **အမျိုးသားရေးမူဝါဒနဲ့ အမျိုးသားနိုင်ငံရေးဆိုတာဟာ လူထုလူတန်းစားရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ထက် အရေးကြီးတယ်ဆိုတာကို နိုင်ငံသားအားလုံး သတိပြုကြဖို့လိုအပ် . . .**

❖ **ယခုလိုရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေးဖြစ်ထွန်းမှုတွေကို ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အားလုံးကြိုးစားဆောင်ရွက်ကြရမှာဖြစ် . . .**

**စာမျက်နှာ ၁၂ သို့ ➢**

> ❖ **ပထဝီနိုင်ငံရေးကြောင့် ပြတ်တောက်မှုတွေဖြစ်ပေါ်လာမယ့် အန္တရာယ်တွေအတွက် ကြိုတင်ဆောင်ရွက်တဲ့အနေနဲ့ ရှားပါးသတ္တုတွေနဲ့ စားနပ်ရိက္ခာဖူလုံရေးတွေကိုလည်း လုံခြုံစိတ်ချရအောင် စီမံဆောင်ရွက်ထားကြရမှာဖြစ် . . .**
>
> ❖ **စီးပွားရေးနဲ့အတူ လူမှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆက်စပ်ဆောင်ရွက်သွားရမှာဖြစ်လို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှုနဲ့လူမှုသဟဇာတဖြစ်မှုတွေကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးသွားဖို့လိုအပ် . . .**
>
> ❖ **မကြာခင်ကာလမှာ အစိုးရအဖွဲ့သစ်နဲ့အတူ မြန်မာနိုင်ငံရဲ့ အရုဏ်ဦး နံနက်ခင်းသစ်တစ်ခု ဒါမှမဟုတ် မျက်နှာစာသစ်တစ်ခုကို ရောက်ရှိတော့မှာဖြစ်၊ တစ်နည်းအားဖြင့် အမှောင်တွေပြေပျောက်ပြီး ရွှေရောင်လင်းလက်အလင်းဖြာစေမယ့် ရောင်နီသစ်ချိန် ရောက်ရှိတော့မှာဖြစ် . . .**

➢ **စာမျက်နှာ ၁၁ မှအဆက်**

ယခုလိုရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေးဖြစ်ထွန်းမှုတွေကို ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အားလုံး ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ကြိုးစားခဲ့ကြပေမယ့် လုံးဝအဆုံးသတ်အောင်မြင်တဲ့အထိ မဆောင်ရွက်နိုင်သေးဘဲ ပြည်တွင်းပြည်ပသွေးထိုးနှောင့်ယှက်မှုတွေကြောင့် နှောင့်နှေးကြန့်ကြာမှုတွေရှိနေသေးတာ ကျွန်တော်တို့အားလုံးအသိပဲဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် **ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုကိုသာမက လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ကိုပါဖြေရှင်းနိုင်အောင်ကြိုးစားရမှာဖြစ်တဲ့အတွက် နိုင်ငံရေးနည်းလမ်းနဲ့သာ ဖြေရှင်းပေးကြရမှာဖြစ်**ကြောင်း ထပ်မံအသိပေးပြောကြားလိုပါတယ်။ **တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ စာနာမှုတွေမွေးမြူပြီး အနာဂတ်နိုင်ငံတော်နဲ့အနာဂတ်မျိုးဆက်သစ်တွေအတွက် "အမျိုးသားစည်းလုံးညီညွတ်ရေး" လမ်းကြောင်းပေါ်အတူတကွ လျှောက်လှမ်းကြဖို့ အစဉ်အမြဲဖိတ်ခေါ်ကမ်းလှမ်းခဲ့သလို ယခုလည်းဆက်လက်ပြီးတော့လည်းဖိတ်ခေါ်**ကြောင်း ပြောကြားလိုပါတယ်။

### ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့အခြေခံဟာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံများတည်ရှိမှုတို့ပဲဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်အနေနဲ့ ၂၀၁၂ ခုနှစ်ကတည်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ရေး ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ပေါင်းစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ကျွန်တော်တို့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြတာဖြစ်ပါတယ်။ **ဒီမိုကရေစီစနစ်ကို ကူးပြောင်းဆောင်ရွက်နိုင်ခဲ့ပေမယ့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ အားနည်းခဲ့မှု၊ အဖွဲ့အစည်းအသီးသီးရဲ့ အတိတ်ဖြစ်ရပ်တွေအပေါ် မကျေနပ်ချက်တွေ ဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်လာမှု၊ ပါတီစွဲပုဂ္ဂိုလ်စွဲများကို ရှေ့တန်းတင်ပြီး နိုင်ငံ့အကျိုးကို လျစ်လျူရှုမှုတွေကြောင့် တည်ငြိမ်အေးချမ်းမှုတွေအားနည်းခဲ့ရ**ပါတယ်။ ဒီအားနည်းချက်တွေကို သင်ခန်းစာဖော်ထုတ်ပြီး အေးချမ်းတည်ငြိမ်တဲ့ လူမှုပတ်ဝန်းကျင်တွေဖြစ်ပေါ်လာအောင် တည်ဆောက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

တရားဥပဒေစိုးမိုးမှုရှိမှသာ တရားမျှတမှုနဲ့ လူမှုဝန်းကျင်တည်ငြိမ်မှုရှိမှာဖြစ်သလို တရားဥပဒေစိုးမိုးမှုဟာ ဖွံ့ဖြိုးရေးရဲ့အခြေခံအုတ်မြစ်လည်းဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးရေးကို တစ်ဖက်ကဆောင်ရွက်ပေးရမှာဖြစ်သလို အခြားတစ်ဖက်ကလည်း ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေးအတွက် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှု (Reform) ကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ကြမှသာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အရည်အသွေးမြင့်တက်လာမှာဖြစ်ပါတယ်။

### ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့အပြင် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အခြေခံအဆောက်အအုံ (Infrastructure) ဖွံ့ဖြိုးတိုးတက်ဖို့လည်း မလွဲမသွေလိုအပ်မှာဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှု အားနည်းရခြင်းရဲ့ အဓိကအချက်မှာ စီးပွားရေးကို မောင်းနှင်လုပ်ဆောင်နိုင်မယ့် အတတ်ပညာရှင်တွေ အားနည်းခဲ့လို့ဖြစ်ပါတယ်။ အတတ်ပညာဆိုတာ အတန်းပညာကိုအခြေခံပြီး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူစဉ်ကာလမှာ ပညာရေးနဲ့ပတ်သက်ပြီး စာသင်ကျောင်းအရေအတွက်နဲ့ ပညာရေးဝန်ထမ်းအရေအတွက်ဆိုင်ရာတွေနဲ့ လိုအပ်ချက်တွေကို လေ့လာဖော်ထုတ်ခဲ့သလို အနာဂတ်ပညာတတ်လူငယ်တွေ များပြားလာစေဖို့အတွက် Polytechnic တက္ကသိုလ်တွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ အလားတူ စိုက်ပျိုးမွေးမြူရေးနဲ့ ပတ်သက်ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောင်လာမယ့် လွှတ်တော်အသီးသီးနဲ့ အစိုးရအသီးသီးမှာလည်း အနာဂတ် မျိုးဆက်သစ်လူငယ်တွေအတွက် ပညာရေးကို ဆက်လက်အားပေးဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်မှုနဲ့ဒေသတစ်ခုနဲ့တစ်ခု ကွန်ရက်ချိတ်ဆက်နိုင်မှု၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်အားကောင်းမှုတို့ဟာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှုနဲ့ရောင်းဝယ်ဖောက်ကားမှု တိုးတက်ရေးတို့အတွက် အခရာကျတဲ့ လိုအပ်ချက်တွေပဲဖြစ်ပါတယ်။ ဒါတွေကို ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရတစ်ခုတည်းက ဆောင်ရွက်လို့မရဘဲ ဒေသခံပြည်သူတွေ၊ အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါတွေကို အစိုးရက တည်ဆောက်အကောင်အထည်ဖော်ပေးရမှာဖြစ်သလို ဒေသခံပြည်သူအားလုံးက မပျက်စီး၊ မပျောက်ပျက်အောင်၊ မသမာသူတွေရဲ့ ဖျက်ဆီးမှုမခံရအောင် ဝိုင်းဝန်းထိန်းသိမ်းပေးဖို့လိုအပ်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

### ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ

ကျွန်တော်တို့နိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မယ့်အစီအမံတွေကို ချမှတ်ကြတဲ့အခါ စီးပွားရေးအရ၊ လုံခြုံရေးအရနဲ့ နည်းပညာအရဆိုတဲ့ မတူညီတဲ့နယ်ပယ်တွေနဲ့ လိုက်ဖက်မျှတစွာ ပေါင်းစပ်စီမံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးအပိုင်းမှာ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အစီအစဉ်သစ် (New World Order)နဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုတွေလုပ်ကြရမှာဖြစ်ပါတယ်။ ဈေးကွက်တစ်ခုတည်းကို အလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရပါမယ်။ ကုန်သွယ်ဆက်ဆံရေးတွေကို ဒေသစုံဖြန့်ကြက်နိုင်စွမ်းမြှင့်တင်ကြရပါလိမ့်မယ်။ ဖြစ်ပေါ်လာနိုင်တဲ့ ကမ္ဘာလုံးဆိုင်ရာ ပြတ်တောက်မှု(Global Disruptions)တွေကြောင့် ဖြစ်လာနိုင်တဲ့ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ဖို့အတွက်လည်း ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှု (Regional Economic Integration) တွေကို လုပ်ဆောင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်(Supply Chains)တွေကို အားကောင်းလာစေဖို့ ပူးပေါင်းပါဝင်ကြရပါမယ်။ နိုင်ငံတွေရဲ့အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍတွေဖြစ်တဲ့ စားရေရိက္ခာ၊ စွမ်းအင်နဲ့နည်းပညာကဏ္ဍတွေလိုလုပ်ငန်းတွေကို လိုအပ်သလို ဦးစားပေး ရင်းနှီးမြှုပ်နှံကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် နည်းပညာနဲ့ဒစ်ဂျစ်တယ်အချုပ်အခြာပိုင်ဆိုင်မှုဟာလည်း အဓိကရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမယ့်ကဏ္ဍတွေပဲဖြစ်ပါတယ်။ ဝင်ရိုးစုံကမ္ဘာရဲ့ယှဉ်ပြိုင်မှုကြီးထဲမှာ နည်းပညာဟာ အခြေခံကျတဲ့စစ်မြေပြင်တစ်ခုလို အသွင်ဆောင်နေတယ်ဆိုတာ အားလုံးသတိပြုကြရမှာဖြစ်ပါတယ်၊ အထူးသဖြင့်ဉာဏ်ရည်တုနည်းပညာ (AI)၊ ဆီမီးကွန်ဒတ်တာ(Semiconductors)တွေနဲ့ဆိုက်ဘာလုံခြုံရေးတွေဟာ အဆုံးအဖြတ်ပေးလာမယ့်နည်းပညာရပ်တွေပဲဖြစ်တယ်ဆိုတာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။

အဲဒီ သွင်ပြင်လက္ခဏာတွေကြောင့် နိုင်ငံတိုင်းဟာ မိမိတို့ပြည်တွင်းနည်းပညာစွမ်းရည်တွေကို တိုးတက်သည်ထက်တိုးတက်အောင် မြှင့်တင်လုပ်ဆောင်လာကြတာ အားလုံးအသိပဲဖြစ်ပါတယ်၊ ဒါ့အပြင် **သုတေသနလုပ်ငန်းတွေ၊ တီထွင်ဆန်းသစ်မှုတွေနဲ့ အခြေခံအဆောက်အအုံတွေအပေါ် ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးခြင်းဖြင့် နိုင်ငံရပ်ခြားနည်းပညာအပေါ် မှီခိုမှုတွေကို လျှော့ချနိုင်မှာဖြစ်သလို ဆိုက်ဘာလုံခြုံရေးနဲ့ အချက်အလက်ကာကွယ်ရေးတွေကိုလည်းဆောင်ရွက်နိုင်မှာဖြစ်**ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတကာနည်းတူ နည်းပညာပိုင်းဆိုင်ရာမှာ ရင်ပေါင်တန်းအမီလိုက်နိုင်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။

အလားတူ စွမ်းအင်နဲ့အရင်းအမြစ်လုံခြုံရေးဟာလည်း နောက်ထပ်စဉ်းစားရမယ့်အကြောင်းကိစ္စဖြစ်ပါတယ်။ စွမ်းအင်၊ ရေနဲ့ရှားပါးသတ္တုတွေကို ရယူသုံးစွဲနိုင်မှုဟာ ရေရှည်တည်ငြိမ်ရေးအတွက် အလွန်အရေးကြီးတယ်ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနဲ့ကွဲပြားခြားနားတဲ့ အခြားသောစွမ်းအင်တွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ထားဖို့လိုအပ်ပါတယ်။ ပထဝီနိုင်ငံရေးကြောင့် ပြတ်တောက်မှုတွေ ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေအတွက် ကြိုတင်ဆောင်ရွက်တဲ့အနေနဲ့ ရှားပါးသတ္တုတွေနဲ့ စားနပ်ရိက္ခာဖူလုံရေးတွေကိုလည်း လုံခြုံစိတ်ချရအောင် စီမံဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်။

ပြောင်းလဲနေတဲ့နိုင်ငံတကာအခြေအနေတွေအောက်မှာ မြန်မာနိုင်ငံဟာလည်း စိန်ခေါ်မှုတွေနဲ့အတူ အခွင့်အလမ်းများစွာ ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရဟာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရှင်သန်ရေးနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်၊ နိုင်ငံရေးတည်ငြိမ်မှုကို တစ်ဖက်ကကြိုးစားဆောင်ရွက်နေသလို အခြားတစ်ဖက်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ စီးပွားရေးနဲ့အတူ လူမှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆက်စပ်ဆောင်ရွက်သွားရမှာဖြစ်လို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှုနဲ့လူမှုသဟဇာတဖြစ်မှုတွေကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးသွားဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရဲ့တည်ငြိမ်မှု၊ ဒီမိုကရေစီထွန်းကားမှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ စာနာနားလည်မှု၊ ထောက်ခံအားပေးမှုနဲ့ ရိုင်းပင်းကူညီမှုတွေကို ယခုထက်ပိုမိုရရှိလာလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။

### ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျာ

ယနေ့ဆွေးနွေးပွဲမှာ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ စီးပွားရေးဆိုင်ရာပညာရှင်တွေ လာရောက်ဆွေးနွေးကြတဲ့အတွက် ၂၀၂၆ ခုနှစ် မြန်မာ့မျက်နှာစာသစ်ကို ပုံဖော်တည်ဆောက်မှုမှာ များစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီဆွေးနွေးပွဲကြီးကနေ စစ်မှန်တဲ့အကြံပြုချက်တွေနဲ့ စေတနာပါတဲ့ထောက်ပြပြောဆိုမှုတွေကို ကျွန်တော်တို့ လေးစားတန်ဖိုးထားကြောင်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ယခုဆွေးနွေးပွဲကြီးရဲ့ ရလဒ်တွေဟာ မြန်မာနိုင်ငံရဲ့မျက်နှာစာသစ်ကို လှပစွာပုံဖော်နိုင်ဖို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ **မကြာခင်ကာလမှာ အစိုးရအဖွဲ့သစ်နဲ့အတူ မြန်မာနိုင်ငံရဲ့အရုဏ်ဦးနံနက်ခင်းသစ်တစ်ခု ဒါမှမဟုတ်မျက်နှာစာသစ်တစ်ခုကို ရောက်ရှိတော့မှာဖြစ်**ပါတယ်။ **တစ်နည်းအားဖြင့် အမှောင်တွေပြေပျောက်ပြီး ရွှေရောင်လင်းလက်အလင်းဖြာစေမယ့် ရောင်နီသစ်ချိန်ရောက်ရှိတော့မှာဖြစ်**ပါတယ်။ ယခုလိုမင်္ဂလာရှိတဲ့အချိန်အခါသမယမှာ မြန်မာနိုင်ငံသားအားလုံး စည်းလုံးမှု၊ ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ လွတ်လပ်မှုစတဲ့ကောင်းကျိုးတရားများရရှိခံစားနိုင်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွတည်ထောင် အကောင်အထည်ဖော်ကြပါစို့ဟုပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

# နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေး (အပိုင်း-၁)

ဒေါက်တာသုတခင်

မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံပိုင်စက်ရုံလုပ်ငန်းများမှ ကုန်ထုတ်လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဓာတုပစ္စည်းများအသုံးပြုမှုမှာလည်း လွန်စွာများပြားလာပြီး ထိုဓာတုပစ္စည်းအသုံးပြုသည့် စက်မှုလုပ်ငန်းများမှထွက်ရှိလာသည့် ဓာတုဓာတ်ကြွင်းများပါဝင်သော စွန့်ပစ်ပစ္စည်းထိန်းသိမ်းမှု လုပ်ငန်းများကိုလည်း နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုအပါအဝင် သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို ထိခိုက်ပျက်သုဉ်းမှုနှင့် ညစ်ညမ်းမှုများမဖြစ်စေရေးအတွက် အလေးထား၍ ကြိုတင်စီမံဆောင်ရွက်ရန်လိုအပ်သည်။ ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ညစ်ညမ်းနိုင်သည့်ကိစ္စများကို စနစ်တကျစီမံဆောင်ရွက်ထားမှသာ သာယာလှပသော နိုင်ငံတော်ကြီးကို ရရှိနိုင်မည်ဖြစ်သည်။

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆက်စပ်မှု**

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုသည် စက်မှုနည်းပညာဖွံ့ဖြိုးမှုနှင့် ဆက်နွှယ်လျက်ရှိသည်မှာ လူသားတိုင်းသိထားကြပြီးဖြစ်သည်နှင့်အညီ နည်းပညာဖွံ့ဖြိုးလာသည်နှင့် အမျှ သဘာဝအရင်းအမြစ်နှင့် သယံဇာတပစ္စည်းများအား ထုတ်ယူသုံးစွဲမှုများပြားလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုများလည်း များပြားလာသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးခြင်းတို့ဖြစ်လာရသည်။ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများနှင့် သစ်တောပြုန်းတီးမှုများ၊ အန္တရာယ်ရှိသောဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အများအပြားစွန့်ထုတ်မှုများဖြစ်ပေါ်လာကာ ကမ္ဘာကြီးပူနွေးမှု ရေခဲတောင်များအရည်ပျော်မှု ကမ္ဘာ့အိုဇုန်းလွှာပါးလွှာပျက်စီးမှုနှင့် ကမ္ဘာ့လေထုအတွင်း အောက်ဆီဂျင်နည်းပါးလာမှု စသည့်ဖြစ်ရပ်များပါ နောက်ဆက်တွဲရလဒ်များအနေဖြင့် ဖြစ်ပေါ်လာသည်။** နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးသကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသည့် စက်မှုကဏ္ဍမှထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ၊ လေလွင့်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာလည်း အလွန်အရေးကြီးလှသဖြင့် **သဘာဝပတ်ဝန်းကျင်**ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်ရှိလူသားတိုင်း၊ နိုင်ငံသားတိုင်း၏ မလွဲမသွေဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်လာသည်။

**ဓာတုပစ္စည်းအသုံးပြုစက်မှုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအသုံးပြု၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံများမှစွန့်ပစ်သော အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများသည် လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို အနည်းနှင့်အများထိခိုက်စေနိုင်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အား အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစွန့်ပစ်ခြင်းသည် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ စက်မှုဝန်ကြီးဌာန၏ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းစွန့်ပစ်ခြင်းကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးကာ ဆိုးကျိုးမဖြစ်ပေါ်စေသော ခေတ်မီဖွံ့ဖြိုးသည့် နည်းပညာသုံးစက်မှုလုပ်ငန်းများ (Clean & Green Technology Industries) ပေါ်ထွန်းအောင် အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး စွမ်းအင်သုံးစွဲရာတွင်လည်း စွမ်းအင်ထိရောက်စွာအသုံးချနိုင်ရေး၊ စွမ်းအင်လေလွင့်ပြုန်းတီးမှုမရှိစေသည့် Energy Saving, Energy Conservation လုပ်ထုံးလုပ်နည်းများကို ကျင့်ကြံလိုက်နာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) များကို ဖော်ထုတ်သုံးစွဲရေးတို့ကိုအားပေးသွားရမည်ဖြစ်သည်။

**အစိမ်းရောင်စက်မှုလုပ်ငန်းများဖြစ်ပေါ်ရေး**

သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုမဖြစ်စေဘဲ သာယာဝပြောသည့် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ (Green Industries)များဖြစ်ပေါ်လာစေရေး၊ ပိုမိုသန့်ရှင်းသောထုတ်လုပ်မှုဖြစ်စေသည့် သယံဇာတအရင်းအမြစ်အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့်ထုတ်လွှတ်အခိုးအငွေ့များအနည်းဆုံးဖြစ်စေရေး၊ ၎င်းတို့၏ဆိုးကျိုးသက်ရောက်မှုမှ ကာကွယ်မှုများပြုလုပ်ရေး၊ ကောင်းမွန်သန့်ရှင်းသောသဘာဝနှင့် လူ့ပတ်ဝန်းကျင်ကိုထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ် အသုံးချဆောင်ရွက်သွားရမည်။

နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမြင့်တက်လာပြီး နိုင်ငံတော်၏အကျိုးစီးပွားကို စက်မှုကဏ္ဍက ဦးဆောင်သွားနိုင်သောအခြေအနေသို့ ရောက်ရှိရေး၊ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကွင်းဆက် (Global Supply Chain) အတွင်းသို့ ဦးတည်ရာလမ်းကြောင်းမှန်ကန်စွာဖြင့် ဝင်ရောက်နိုင်ရေး၊ ခေတ်ကာလအလိုက် ပြောင်းလဲဖြစ်ပေါ်လာမည့် စီးပွားရေးပတ်ဝန်းကျင်နှင့် ဒေသတွင်းလိုအပ်ချက်များအရ ရည်မှန်းချက်နှင့်မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ခြင်းအားဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးတို့ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုကဏ္ဍတစ်ရပ်ကို ဖော်ဆောင်သွားနိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှုမဖြစ်စေသည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ (Green Industries)တည်ထောင်၍သာယာဝပြောသည့်စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး 6Rs အသုံးပြုပေး**

သက်ရှိများအတွက် နေမှလာသော Cosmic Ray ထဲမှ ခရမ်းလွန်ရောင်ခြည် (UV Ray) ကို ထိန်းသဖွယ်ကာကွယ်ပေးထားသည့် အိုဇုန်းလွှာကို ဆက်လက်တည်တံ့စေရေး၊ ပေါက်ပြဲမှုမဖြစ်စေရေးတို့အတွက် လျှပ်စစ်ပစ္စည်းလူသုံးကုန်များတွင် တားမြစ်ထားသည့် Freon gas ကဲ့သို့ အအေးပေးဓာတ်ငွေ့များမပါရှိမှသာ ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော White Pollution ဟုသတ်မှတ်ထားသော ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချခြင်း (Reduce)၊ စွန့်ပစ်ပစ္စည်းများကိုစနစ်တကျခွဲခြား၍ ပြန်လည်အသုံးပြုခြင်း (Reuse)၊ အသစ်တစ်ဖန်ပြန်လည်သုံးစွဲရန်ဆောင်ရွက် ခြင်း (Recycle)၊ စားသုံးသူများမှ၎င်းတို့မနှစ်သက်သော လူသုံးကုန်ပစ္စည်းများကို ငြင်းပယ်ခွင့်ရှိခြင်း (Refuse)၊ စားသုံးသူများ၏ ကုန်ပစ္စည်းသုံးစွဲမှုပုံသဏ္ဍာန်ကို ပြန်လည်စဉ်းစားသုံးသပ်စေခြင်း (Rethink)၊ ကုန်ပစ္စည်းများကို စားသုံးသူမှအလွယ်တကူပြုပြင်နိုင်သည့် ဒီဇိုင်းပုံသဏ္ဍာန်ပြုလုပ်စေခြင်း (Repair) အစရှိသည့် 6Rs လုပ်ငန်းများကို ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးများကြောင့် ပိုမိုသန့်စင်သောထုတ်လုပ်မှုနည်းစဉ်များသုံးခြင်း (Clean Production)၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီးပွားရေးလုပ်ငန်းများကိုလုပ်ဆောင်စေခြင်း (Environment Friendly Business)၊ စွမ်းအင်စီမံခန့်ခွဲခြင်းနှင့် သိုမှီးခြင်း (Energy Management and Conservation)၊ ပုံစံမျိုးစုံတွင်ပါဝင်သောစွမ်းအင်ထိရောက်မှုနည်းပညာအသစ်များရှာဖွေခြင်း (Energy Efficiency)၊ အစားထိုးပစ္စည်းအသစ်များသုံးစွဲခြင်း (Substituted New Material)၊ စက်လည်ပတ်မှုဆိုင်ရာ နည်းပညာအသစ်များရှာဖွေခြင်း (New Technology)၊ အသစ်ပြန်ဖြစ်နိုင်သော စွမ်းအင်အသုံးပြုမှုများနှင့် ပြန်လည်ဖြည့်စွမ်းနိုင်ပြီး ရေရှည်ဖွံ့ဖြိုးသောသယံဇာတများအပေါ် ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း (Renewable and Sustainable Resources) များသည် ကုန်ထုတ်စွမ်းအားတိုးတက်မှု၊ ကုန်ပစ္စည်းမျိုးစုံပိုမိုထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာအထောက်အကူဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်သည်။

**နိုင်ငံတော်သာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

နိုင်ငံတော်သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက်ပြည်ထောင်စုလွှတ်တော်မှလည်း "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ" ကို ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်တွင်သတ်မှတ်ပြဌာန်းခဲ့ပြီး ပတ်ဝန်းကျင်အရည်အသွေးများကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ လူသားတို့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များဖြစ်သည့် မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့အပါအဝင် တိရစ္ဆာန်၊ အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်အလက်များနှင့် သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒ၊ အလှအပဆိုင်ရာများပါဝင်သောသဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေရေးအတွက်နှင့် လူတို့ဖန်တီးပြုလုပ်ထားသောပစ္စည်းများပါဝင်သည့် သဘာဝ၏ဟန်ချက်ညီမှုတို့သည် ပတ်ဝန်းကျင်အရည်အသွေးများဖြစ်သည်။ အဆိုပါပတ်ဝန်းကျင်အရည်အသွေးများတည်တံ့ရေးအတွက် စက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများထိန်းချုပ်ရေး (Control of Wastes)၊ စွန့်ပစ်ပစ္စည်းများလျှော့ရေး (Reduction of Wastes)၊ စွန့်ပစ်ပစ္စည်းများဖယ်ရှားရေး (Eliminating of Wastes) တို့ကို တစ်ပြေးညီကျင့်သုံးဆောင်ရွက်သွားရမည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်ညစ်ညမ်းမှု ထိန်းချုပ်ရေး**

စက်မှုဝန်ကြီးဌာနမှလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ညစ်ညမ်းမှုတားဆီးရေးတို့အတွက် ရေထု လေထုထိန်းချုပ်ရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိသည်။ ထို့အတွက် စက်ရုံ၊ အလုပ်ရုံများမှ လိုအပ်သောအချက်အလက်များဖြစ်သည့် စက်မှုလုပ်ငန်းအမျိုးအစား (Type of Industries)၊ စက်ရုံအမည် (Name of Factory)၊ တည်နေရာအနေအထား (Location)၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းအမျိုးအစား (Type of Production)၊ ထုတ်လုပ်မှုပမာဏ (Volume of Production)၊ ထုတ်လုပ်မှုနည်းစဉ် (Production Process)၊ ထုတ်လုပ်မှုနည်းစဉ်တစ်ခုစီမှ စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့်ပမာဏ (Type and Amount of Waste)၊ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း(အရည်၊ အငွေ့)ပမာဏ (Daily Liquid/ Solid Waste)၊ စွန့်ပစ်ပစ္စည်းများစွန့်ပစ်သည့်နေရာနှင့်နည်းလမ်း (Method and Place of Discharge)၊ မည်သည့်စွန့်ပစ်ပစ္စည်းမဆို စွန့်ပစ်ခြင်းမပြုမီပြုပြင်မှုပြုလုပ်ခြင်း (Any waste-treatment before Discharge)၊ အသုံးပြုမည့်လောင်စာအမျိုးအစားနှင့်ပမာဏ(Fuel Consumption (type/ quantity))နှင့် လွယ်ကူရှင်းလင်းပြီး တိကျသေချာသည့်ပုံစံတို့ကိုပြုစုထားရှိရန်လိုအပ်သည်။

**ဓာတုပစ္စည်းများစနစ်တကျစီမံခန့်ခွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

အစစအရာရာတိုးတက်ထွန်းကားနေသည့် ယနေ့ခေတ်ကြီးထဲတွင် ကုန်ထုတ်လုပ်ငန်းများ၌ ကုန်ကြမ်းအဖြစ်အသုံးပြုနေကြသော ဓာတုပစ္စည်းများအရေအတွက်မှာ အများဆုံးဖြစ်နေပြီး ယင်းတို့အနက် စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်သော လူသုံးကုန်ဓာတုပစ္စည်းများမှာ အနည်းငယ်သာရှိသည်။ ကမ္ဘာတစ်ဝန်းရှိ ကုန်ထုတ်လုပ်ငန်းခွင်များတွင် ဓာတုပစ္စည်းများကြောင့် သေဆုံးရမှုများလည်း သုံးသိန်းနီးပါးခန့်ရှိနေသည်။ သို့သော် စားသုံးသူများအနေဖြင့် ဓာတုပစ္စည်းများ၏ ကောင်းကျိုးဆိုးကျိုးကို အလွယ်တကူသိရှိနိုင်ရန်ခက်ခဲပြီး ကာကွယ်တားဆီးနိုင်ရန်အတွက် ကုန်ကျမှုစရိတ်မှာလည်းလွန်စွာများပြားလှသည်။ ထို့ကြောင့် ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်ရေး၊ သိမ်းဆည်းသိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်လွဲမှားစွာအသုံးမပြုရေးတို့အတွက် လူတိုင်းတွင်တာဝန်ကိုယ်စီရှိကြောင်းသိရှိပြီး ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုတိကျစွာလိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ကြောင်းတင်ပြအပ်ပါသည်။ ။

◆ **ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအသုံးပြု၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသောစက်ရုံ၊ အလုပ်ရုံများမှစွန့်ပစ်သော အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများသည် လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို အနည်းနှင့်အများထိခိုက်စေနိုင် . . .**

◆ **သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အား အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစွန့်ပစ်ခြင်းသည် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ် . . .**

# နေပြည်တော်၌ မြန်မာ့မျက်နှာစာသစ်ဖိုရမ် ပထမနေ့ကျင်းပ




**နေပြည်တော် မတ် ၁၃**

"မြန်မာ့မျက်နှာစာသစ်ဖိုရမ်"(ယုံကြည်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) "FORUM ON THE DAWN OF A NEW STATE" (Trust, Stability & Development) ပထမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) (MICC-1)၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင်ကိုယ်စားလှယ်ကြီးများအနေဖြင့်ယနေ့ဖိုရမ်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ပူးပေါင်းမှု၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မည်သို့ဖော်ဆောင်ကြမည်ဆိုသည့် အတွေးအမြင်သစ်များရရှိကြမည်ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာစီးပွားမှ စက်မှုစီးပွားရေးဆီကူးပြောင်းမှု၊ အခြေခံအဆောက်အဦနှင့် စွမ်းအင်ကဏ္ဍ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဆန်းသစ်တီထွင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ပြုပြင်ပြောင်းလဲရေး စသည့်ဆွေးနွေးချက်များကိုလည်း ရရှိကြမည်ဖြစ်ကြောင်း။

နှစ်ရက်တာကျင်းပမည့်မြန်မာ့မျက်နှာစာသစ်ဖိုရမ်မှ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် သဘောတရားရေးသာမက လက်တွေ့ကျသည့် သဘောထားအမြင်များ၊ အကြံပြုချက်များ၊ ထောက်ပြချက်များရရှိလာမည်ဟု မျှော်လင့်ကြောင်း၊ ပညာရှင်များ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅၇ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၆၃ ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးအတွက် MRTV DTH အစုံ ၃၀၀၊ MRTV DVB T2 Set Top Box ၂၈၆ လုံး၊ Cannal+ DTH အစုံ ၃၀၀ နှင့် Cannal + T2 Set Top Box ၂၈၆ လုံးတို့ကိုပေးအပ်ရာ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူသည်။

ဆွေးနွေးပွဲ (ပထမပိုင်း)အဖြစ် **မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့်** ဆွေးနွေးရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး **နိုင်ငံတကာပညာရှင်များဖြစ်သည့်** Yunnan Academy of Social Sciences မှ Professor Mr. Lei Zhuning၊ Jawaharlal Nehru University မှ Senior Professor Mr. Mahendra P. Lama၊ Chiang Mai University မှ Distinguished Economist and Academic Leader Dr. Nisit Panthamit နှင့် Representative of Dale Carnegie & Associates Mr. Luc De Waegh တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိ ဒေါက်တာဇော်ဦးက နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုအခွင့်အလမ်းများ၊ သမားရိုးကျမဟုတ်သည့် စီးပွားရေးဆိုင်ရာအခြေအနေများကို ကိုင်တွယ်ဆောင်ရွက်မှုများ၊ တရားမဝင်လုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို မူဝါဒများချမှတ်၍ တရားဝင်လမ်းကြောင်းပေါ်သို့ ပြောင်းလဲလုပ်ကိုင်စေခြင်း၊ ရွှေ့ပြောင်းလုပ်သားများကို Brain Gain အဖြစ် နိုင်ငံအပေါ်အကျိုးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၏လုပ်အားခများကို တရားဝင်ငွေလွှဲလမ်းကြောင်းဖြင့် စီးဝင်စေခြင်း၊ လုံခြုံသော စွမ်းအင်ကဏ္ဍရရှိအောင် စီမံခန့်ခွဲခြင်းနှင့် စီးပွားရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် Yunnan Academy of Social Sciences မှ Professor Mr. Lei Zhuning က မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာနိုင်သည့် အခွင့်အလမ်းသစ်များ၊ Greater Mekong Sub-Region (GMS)မှတစ်ဆင့် စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်မှု၊ မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ စီးပွားရေးစင်္ကြံများမှ မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်သည့်အခွင့်အလမ်းများနှင့် စီးပွားရေးအကျိုးရလဒ်များဖော်ဆောင်နိုင်မည့်အခြေအနေ၊ တရုတ်နိုင်ငံအနေဖြင့် အာရှဒေသတွင်းမှ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များကို ပိုမိုတင်သွင်းခွင့်ပြုမည့် မူဝါဒ၊ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာနိုင်ငံဘက်မှ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် Jawaharlal Nehru University မှ Senior Professor Mr. Mahendra P. Lama က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများဖော်ဆောင်ရာတွင် မဖြစ်မနေထည့်သွင်းစဉ်းစားရမည့် အစားအစာလုံခြုံရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ အိန္ဒိယနိုင်ငံသည် ပဲစားသုံးမှုမြင့်မားသည့်အတွက် မြန်မာနိုင်ငံမှ ပဲတင်ပို့နိုင်သည့်ဈေးကွက်အဖြစ်တည်ရှိမှု၊ ပဲတင်ပို့မှုတိုးမြှင့်နိုင်ရေးအတွက် အထွက်နှုန်းမြှင့်တင်ရေးအတွက်အစီအမံများ၊ အော်ဂဲနစ်သီးနှံများအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ အာရှဒေသအတွင်း ပဲဈေးကွက်မြှင့်တင်တင်ပို့နိုင်မည့်အစီအမံများ၊ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများဖော်ဆောင်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ ပြည်သူအားလုံး နိုင်ငံရေးဆန္ဒရှိရန်လိုအပ်မှု၊ စွမ်းအင်ဆိုင်ရာမူဝါဒများခိုင်မာရေး၊ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ရရှိရေး စီမံဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်ကဲ့သို့ သန့်ရှင်းသည့် စွမ်းအင်စီမံကိန်းများ၊ ရေရှည်တည်တံ့သည့် စွမ်းအင်ကဏ္ဍဖြစ်ပေါ်ရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ Chiang Mai University Distinguished Economist and Academic Leader Dr. Nisit Panthamit က စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ရန် အခြေခံအုတ်မြစ်များ ခိုင်မာစွာတည်ရှိရေး၊ နိုင်ငံ့စီးပွားရေးအတွက် MSME လုပ်ငန်းများက အထောက်အပံ့ပြုနေမှု၊ တစ်ခါတစ်ရံ စီးပွားရေးအခွင့်အလမ်းသစ်များအတွက် Back to Basic နည်းလမ်းကိုအသုံးပြုရေး၊ အထူးပြုစီးပွားရေးကဏ္ဍများဖော်ဆောင်ရန်လိုအပ်မှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် အပြန်အလှန်အထောက်အကူပြုစေနိုင်သည့် ငွေကြေးစနစ်ဖော်ဆောင်ရေး၊ ငွေလဲနှုန်းတည်ငြိမ်ရေး၊ စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ရာတွင် အတားအဆီးဖြစ်စေမည့်ကန့်သတ်ချက်များ နည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်ရေး၊ စီးပွားရေးကဏ္ဍအတွက် စဉ်းစားဆောင်ရွက်ရမည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ၊ ထိုင်းနိုင်ငံရှိစီးပွားရေးလုပ်ငန်းများတွင်ပါဝင်နေသည့်မြန်မာလုပ်သားများ၏ အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် Representative of Dale Carnegie & Associates Mr. Luc De Waegh က အလားအလာများစွာရှိသည့် နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံကို နိုင်ငံတကာက ပြောင်းလဲရှုမြင်လာမှု၊ မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုရရှိလာသည့် စီးပွားရေးအခြေအနေ၊ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုအခြေအနေ၊ ခေတ်စနစ်နှင့်အညီ ပြောင်းလဲဖော်ဆောင်လာသည့် မြန်မာနိုင်ငံ၏ Tele Communication အခန်းကဏ္ဍ၊ အိပ်မက်စိတ်ကူးရှိသလောက် မြန်မာနိုင်ငံအနေဖြင့် တိုးချဲ့ဖော်ဆောင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းများ၊ Multi National Company များဖော်ဆောင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည့် အခြေအနေကို ဆွေးနွေးပြောကြားသည်။

ထိုသို့ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေးစိတ်ဝင်စားကြသူများ၊ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ **နိုင်ငံတကာပညာရှင်များက အသေးစိတ်ရှင်းလင်းဖြေကြားပေးကြသည်။**

ယင်းနောက် ဆွေးနွေးပွဲ (ဒုတိယပိုင်း) အဖြစ် **မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ(၁) ခေါင်းစဉ်ဖြင့်** ဆွေးနွေးရာ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာခင်မောင်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦး၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်နိုင်သိန်း၊ Green Economy Green Group မှ Executive Director ဦးတင်ဝင်းအောင်တို့က ပါဝင်ဆွေးနွေးကြသည်။

သဘာပတိ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာခင်မောင်လွင်က စီးပွားရေးဖွံ့ဖြိုးမှုဖော်ဆောင်ရာတွင် အားလုံးပါဝင်လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက မက်ခရို စီးပွားရေးအခြေအနေ၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီလှမ်းချီနိုင်ရေး အကြံပြုချက်များ၊ ကုန်ဈေးနှုန်း၊ ငွေလဲနှုန်း၊ ငွေကြေးဈေးနှုန်း၊ စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် စီမံဆောင်ရွက်မှု၊ စက်သုံးဆီခြိုးခြံချွေတာရေးအစီအမံများ၊ ဘေးထွက်စရိတ်ကုန်ကျမှု လျှော့ချနိုင်မည့်အခြေအနေ၊ ကုန်ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုအကြောင်းရင်းများ၊ ငွေလဲနှုန်းနှင့် ကုန်သွယ်ရေးကဏ္ဍဆက်စပ်နေမှု၊ မြန်မာနိုင်ငံ၏ GDP တိုးတက်နှုန်း၊ စိန်ခေါ်မှုများပြားလာသော ကမ္ဘာ့စီးပွားရေးစနစ်၊ အခြေခံလုပ်သားရှားပါးလာမှု၊ လုံခြုံစနစ်ကျသော ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖော်ဆောင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်ရေး၊ တရားမဝင်ကုန်သွယ်ရေးနှင့်ပဋိပက္ခကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ၊ မြန်မာ့နည်း၊ မြန်မာ့ဟန် စီးပွားရေးမဟာဗျူဟာများ ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်နိုင်သိန်းက Nation Building နှင့် State Building၊ လွတ်လပ်ရေးမရမီ မြန်မာ့နိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးရာအယူဝါဒများနှင့် နိုင်ငံတည်ဆောက်ရေးအခန်းကဏ္ဍ၊ ယနေ့ခေတ် နိုင်ငံတည်ဆောက်ရေး Ideology များ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်၊ ပြည်သူ့မျှော်မှန်းချက်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစိုးရ၏မျှော်မှန်းချက်များ၊ လွှတ်တော်တွင် နေရာအများဆုံး အနိုင်ရပါတီ၏ မျှော်မှန်းချက်များ၊ နိုင်ငံတော်၏အခြေခံမူများ၊ အမျိုးသားရေးမျှော်မှန်းချက်နှင့် ပန်းတိုင်၊ အမျိုးသားရေးမျှော်မှန်းချက်နှင့်တာဝန်၊ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်မြှင့်တင်မည့်သူများ၏ အခန်းကဏ္ဍ၊ နိုင်ငံတည်ဆောက်ရာတွင် အရေးကြီးသည့်မျှော်မှန်းချက်အမြင် တည့်မတ်မှန်ကန်မှုအပေါ် လေ့လာဆန်းစစ်ခြင်း၊ အမြင်သဘောထား မှန်ကန်တူညီရေး၊ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်မြှင့်တင်ရာတွင် လိုအပ်သည့် အရင်းအနှီးစွမ်းအားများ၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူတို့၏လူမှုစီးပွားလိုလားချက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် အာဏာသုံးရပ် အပြန်အလှန်ထိန်းကျောင်းရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် Green Economy Green Group မှ Executive Director ဦးတင်ဝင်းအောင်က အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှု ရည်ရွယ်ချက်၊ အစိမ်းရောင်စီးပွားရေး၏ အဓိကအကြောင်းအရာများ၊ အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှုမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍကို Innovative Idea များဖြင့် ပြောင်းလဲဖော်ဆောင်နိုင်ရေး၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအမံများ၊ မြန်မာနိုင်ငံ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စီးပွားရေး၊ အစိုးရက ချမှတ်ဖော်ဆောင်သော မဟာဗျူဟာများတွင် ပုဂ္ဂလိကအခန်းကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံက ပါဝင်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် နိုင်ငံရေးပါတီများမှပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေးစိတ်ဝင်စားကြသူများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးပေးကြသူများက အသေးစိတ်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။ **မြဝတီ**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖိုရမ်တွင်ပါဝင်ဆွေးနွေးကြမည့် နိုင်ငံတကာပညာရှင်များအား မြန်မာ့မျက်နှာစာသစ်ဖိုရမ်ကျင်းပခြင်းအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်စဉ်။

**❖ နိုင်ငံတော်ကို စီးပွားရေးအရ မည်ကဲ့သို့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည်ကို စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်၊ အူမတောင့်မှသီလစောင့်မည်ဟူသည့် စကားနှင့်အညီ ပြည်သူလူထုအားလုံး၏လူမှုစီးပွားဘဝများ အဆင်ပြေအောင်ဆောင်ရွက်ပေးကြရန်လို . . .**

**❖ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏အနာဂတ်ကိုပုံဖော်ရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်အလက်များအပေါ်တွင် အခြေခံပြီး ဆောင်ရွက်သွားရန်လို၊ နိုင်ငံ၏ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မဖြစ်မနေ အလေးထားလုပ်ဆောင်ကြရန်လို . . .**

★ ရှေ့ဖုံးမှအဆက်

During my tenure as Commander-in-Chief of Defence Services, to productively utilize the nation's female workforce, we began permitting women to enlist for military service starting in 2014. Previously, women in the military were only appointed as doctors and nurses in the medical corps. Subsequently, we have recruited women for graduate officer courses, computer diploma courses for sergeants/corporals/clerk ranks, female nursing courses, and basic military training courses, thereby productively harnessing the human resource potential of women. Currently, over 5,000 women (officers and other ranks) are capably undertaking national defence duties on par with men. A remarkable and praise worthy achievement is the successful training of female pilots and aviators.

Furthermore, to ensure the nation possesses a respectable defence capability and security strength, the People's Military Service Law, which had existed since 1959 and was revised in November 2010, was activated and brought into force on 10 February 2024, and its implementation has been carried out. People's military service personnel are now participating in national defence duties from their respective positions, sacrificing their lives and efforts. We must recognize their service to the nation and continue to work to ensure they receive necessary support and entitlements.

In my efforts to build the military into an internationally standard force, I continuously endeavoured to achieve self-sufficiency in the production and use of weapons and military equipment. In establishing a Standard Army, beyond upgrading the personnel and weaponry organization of the Army, Navy, and Air, I was able to arrange for the construction of necessary naval vessels for the Navy ourselves, as well as their procurement. For the Air Force, I oversaw the upgrading and production of necessary aircraft and helicopters, and worked to acquire modern aircraft and helicopters. Additionally, I was able to establish a ceremonial Mounted Cavalry Unit, which now participates splendidly in military parades and national-level ceremonial welcome events.

See Page - 20►►

# A speech to be delivered by Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing at the opening ceremony of "Forum on the Dawn of a New State" (13 March 2026)

**Everybody, Mingalaba!**

I would like to extend my warmest greetings and best wishes to all attendees of today's **"Forum on the Dawn of a New State",** including members of the National Security and Peace Commission, Union Ministers, Union-level dignitaries, Hluttaw representatives from various Hluttaws, local and foreign scholars and experts, and all the distinguished guests with auspiciousness.

Today's forum was held with four main objectives: to enable elected Hluttaw representatives to gain a broad perspective on the country's political, economic, and social sectors and to anticipate the tasks they should participate in for national development; to provide guidance on approaches and effective legislation when drafting laws for the export/import and trade sectors contributing to the country's economic growth; to inform those representatives about key considerations and international code of measures necessary for the development of a nation's economic sector; and to facilitate cooperation among Hluttaw representatives to ensure smooth and effective implementation of the new government's Plans.

In fact, although this forum has been named **"The Dawn of a New State",** it does not refer solely to a new physical "face" of the country. Rather, I would like to first clarify that it is intended to signify a new mindset, new people, new ideas, new landscapes and initiatives, new methods and approaches, new vision, and new mission.

As everyone knows, when we look back at our country's Declaration of Independence, we can see that our national leaders were people who respected, valued, and safeguarded Independence, valued peace, and were committed to protecting and promoting world peace.

It can be seen that the Declaration states: **"We will uphold the Independence and integrity of our great nation to the very end. In accordance with being an independent country, we will observe and adhere to the principles rightly upheld by all independent nations of the world. Just as we cherish our own independence, we will respect and safeguard the independence of others. Because we desire peace, we will join hands with peace loving nations to protect and maintain world peace. Let it be known that this declaration of ours will be heard by the entire world."**

It is clear that this Declaration of Independence is not only a guidance and responsibility for the citizens of the present generation but also a legacy that future generation of citizens should respect, uphold, and follow. Even though more than 80 years have passed since Independence was achieved, we all continue to value, respect, and safeguard Myanmar's independence and sovereignty. It is well known that we are also actively participating in efforts to maintain internal peace and contribute to world peace.

**Esteemed distinguished guests,**

When looking back at the history of a nation, we must avoid the extreme optimism and pessimism, and instead analyze and interpret events with objective outlook based on true situation. Since gaining Independence, some have described Myanmar's political journey as turbulent waves, while others have considered it a long and difficult path. Indeed, the political history of Myanmar after 1948 has been a mixture of both positive and negative developments. At one point, it was even noted as having one of the longest-lasting internal armed conflicts in Southeast Asia.

It can be observed that internal armed conflicts, which began just two months after Independence, have still not been fully resolved till today. The persistence of these conflicts can be attributed in part to some armed groups with self-interest–driven agendas, as well as to weaknesses in the implementation of national politics, which led to misunderstandings and misaligned beliefs and positions.

It is necessary for all citizens to recognize that national policy and national politics are more important than strata, ethnic, or ideological considerations. Looking at the national policies of any country, one can see that they are closely connected to their historical paths they have traversed and cannot be separated from it. I would like to emphasize that our country's national policy and national politics are simply what we have always described as the Our Three Main National Causes.

In reality, every war or armed conflict is never separate from politics, so



Senior General Min Aung Hlaing delivers an address at the opening ceremony of a Forum on The Dawn of a New State (Trust, Stability & Development).

solutions must be sought and negotiated through political means. Today, political freedoms already exist in our country. Matters that could not be spoken of before can now be openly discussed. Hopes that were once unimaginable can now be pursued, and even dreams that could not be dreamed before are now attainable. In other words, we have been able to systematically change towards the democratic system that countries around the world aspire to, bringing in new politics and new culture. In any case, I would like to say the Tatmadaw has been able to initiate this democratic system desired by all citizens and has successfully carried out an important political transition successfully.

We must all strive to integrate the political and economic progress we have achieved so far with the ongoing efforts to build peace. Although successive governments have strived to achieve internal peace, comprehensive and lasting success has not yet been possible due to internal and external disruptions and delays, as is widely known. In reality, achieving internal peace requires not only a ceasefire but also efforts to resolve the root causes of armed conflicts. Therefore, solutions must be pursued through political means. It is important to continue fostering mutual respect, understanding, and compassion among ethnic groups, and to walk together on the path of **"national solidarity"** for the future of our nation and the next generation. So, we have already invited them and continue to extend invitation to them.

**Esteemed distinguished guests,**

The foundation of a nation's development lies in peace and stability, the rule of law, the development of human resources, and the existence of infrastructure. To maintain peace and stability, the Tatmadaw has, since 2012, conducted nationwide peace talks aimed at achieving the Nationwide Ceasefire Agreement (NCA). Our country is a union where ethnic brethren live together in unity. Therefore, we are committed to build a Union based on democracy and federal system. Although we have been able to move towards a democratic system, weaknesses to maintain democratic practices, lingering dissatisfaction over past events within various groups, agitation fuelled by political party attachment and personal cult, and actions that neglected national interests have weakened peace and stability. I would like to urge all that it is important to learn lessons from these weaknesses and to build a peaceful and stable social environment.

Only through the restoration of rule of law, justice and social stability can be ensured. Because the rule of law is essential for the foundation of development, we must all work together to uphold it. Furthermore, we must ensure the enforcement of the rule of law and at the same time, we must carry out necessary reforms to establish good governance must be carried out. Only by taking these steps can the quality of public services be improved.

**Esteemed distinguished guests,**

In addition to peace and stability and the rule of law, it is also essential to

**See Page - 19**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ တတိယနေ့ဆက်လက်ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၈၁၂ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲတတိယနေ့တွင် သင်္ချာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၈၁၂ ဦး၊ ပျက်ကွက် ၁၃၉၄၁ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲတတိယနေ့တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက သင်္ချာဘာသာရပ်၊ စိုက်ပျိုးရေးကျောင်းသား၊ ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၂)ဘာသာရပ်၊ မွေးမြူရေးကျောင်းသား၊ ကျောင်းသူများက ဝက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကိုဖြေဆိုကြပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။

မြဝတီ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- သင်္ချာ

နေ့စွဲ - ၁၃.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၇ | ၇၃၉၀ | ၁၁၆၂၇ | ၃၀၆ | ၂၄၇ | ၅၅၃ | ၉၅.၄၆% | ၄.၅၄% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၅၉ | ၃၈၅၀ | ၁၁၈၇ | ၂၄၇၀ | ၃၆၅၇ | ၁၀၄ | ၇၉ | ၁၈၃ | ၉၅.၂၃% | ၄.၇၇% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၈ | ၅၂၂ | ၈၄၀ | ၃၁ | ၄၄ | ၇၅ | ၉၁.၈၀% | ၈.၂၀% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၄ | ၇၇၀၄ | ၁၂၅၀၈ | ၄၀၆ | ၃၆၉ | ၇၇၅ | ၉၄.၁၇% | ၅.၈၃% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၄ | ၈၉၈၀ | ၁၄၆၁၄ | ၄၆၁ | ၃၅၀ | ၈၁၁ | ၉၄.၇၄% | ၅.၂၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၈ | ၆၉၉၈ | ၁၁၈၅၆ | ၄၉၀ | ၂၉၅ | ၇၈၅ | ၉၃.၇၉% | ၆.၂၁% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၃ | ၁၂၈၆၃ | ၂၁၂၀၆ | ၅၄၀ | ၃၃၉ | ၈၇၉ | ၉၆.၀၂% | ၃.၉၈% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၈၃ | ၂၆၁၈၆ | ၄၅၄၆၉ | ၁၂၅၄ | ၈၂၆ | ၂၀၈၀ | ၉၅.၆၃% | ၄.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၆ | ၁၀၅၃၅ | ၁၈၁ | ၂၁၈ | ၃၉၉ | ၉၆.၃၅% | ၃.၆၅% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၈ | ၉၀၀ | ၁၆၈၈ | ၆၈ | ၄၃ | ၁၁၁ | ၉၃.၈၃% | ၆.၁၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၃၅ | ၂၆၀၃၁ | ၄၆၇၆၆ | ၁၄၉၆ | ၉၉၄ | ၂၄၉၀ | ၉၄.၉၄% | ၅.၀၆% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၇ | ၈၄၈၇ | ၁၃၃၇၄ | ၂၆၈ | ၂၆၀ | ၅၂၈ | ၉၆.၂၀% | ၃.၈၀% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၄ | ၁၂၁၆ | ၁၉၇၀ | ၆၄ | ၄၅ | ၁၀၉ | ၉၄.၇၆% | ၅.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၃ | ၂၀၉၀၄ | ၃၆၄၂၇ | ၁၈၅၄ | ၁၀၄၆ | ၂၉၀၀ | ၉၂.၆၃% | ၇.၃၇% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၈ | ၇၈၉၅ | ၁၄၁၀၃ | ၅၀၇ | ၃၀၄ | ၈၁၁ | ၉၄.၅၆% | ၅.၄၄% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၃၉၇၀ | ၁၅၀၈၄၂ | ၂၅၄၈၁၂ | ၈၂၂၁ | ၅၇၂၀ | ၁၃၉၄၁ | ၉၄.၈၁% | ၅.၁၉% | |

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(သင်္ချာ) + စိုက်ပျိုးရေးအတတ်ပညာ(သီးနှံထုတ်လုပ်ရေး(၂))+ မွေးမြူရေးအတတ်ပညာ(ဝက်မွေးမြူထုတ်လုပ်ရေး)

နေ့စွဲ - ၁၃.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၂၉ | ၂၀၆ | ၁၂၁ | ၃၂၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားပီပီ** ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** ပဥ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** စတုတ္ထဆု
ကေသီအောင်

၅။ **တုန့်နှိုင်းမဲ့စစ်သည်တွေ** ပဥ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** ပဥ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံ့ရွှေခေတ် ပြန်ထုတ်ဖော်** ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** ပဥ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** ပထမဆု
မနော်ဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** ဒုတိယဆု
မနော်သစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** စတုတ္ထဆု
မောင်အေးချမ်း(ခနဲဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** ပဥ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုံကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** ပဥ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** ပဥ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြီးနိုင်** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ဦ** ပဥ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကလောမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**ကလော မတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ အားကစားလေ့ကျင့်ရေးရုံကြီး၌ မတ်လ ၁၂ ရက် နံနက်ပိုင်းတွင် နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ကလောခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များနှင့်စည်းကမ်းပိုင်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ အားကစားနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြပြီး သင်တန်းတွင်သင်တန်းသား၊သင်တန်းသူ ၂၀၀ ဦးအား ဘောလုံး၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ ကရာတေးနှင့် မြန်မာ့သိုင်းအားကစားနည်းများကို ဧပြီလ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မဝ၃)

## ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်သွန်နီမျိုးပန်းများ အောင်မြင်ဖြစ်ထွန်း

**ညောင်ဦး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးထားသော ကြက်သွန်နီမျိုးပန်းများ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကြက်သွန်နီမျိုးပန်းစိုက်တောင်သူများထံမှ သိရသည်။

ကြက်သွန်နီမျိုးစေ့များ ပျိုးထောင်ရောင်းချခြင်းကို ကျောက်ပန်းတောင်းမြို့နယ်တွင်သာမက ရေနံချောင်း၊ ဆိပ်ဖြူနှင့် မြင်းခြံမြို့နယ်တို့တွင်လည်း လုပ်ဆောင်ကြကြောင်း၊ ဆောင်းကြက်သွန်နီစိုက်ပျိုးချိန်ဖြစ်သည့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် ကြက်သွန်နီမျိုးစေ့များ အရောင်းအဝယ်အဖြစ်များကြကြောင်းသိရသည်။

ထို့ပြင် ကြက်သွန်နီမျိုးစေ့ပျိုးထောင်ရာတွင် နတ်တော်လနှင့် ပြာသိုလတို့၌ ကြက်သွန်နီဥများစိုက်ကြကြောင်း၊ စိုက်ပျိုးပြီး ရက် ၂၀ ခန့်ကျော်လျှင် စိန်ဖူးတိုင် ခေါ် ကြက်သွန်နီပန်းပွင့်များထွက်လာကြောင်း၊ ကြက်သွန်နီဥတစ်ဥစိုက်လျှင် ကြက်သွန်ပန်းပွင့်တိုင် တစ်တိုင်မှငါးတိုင်ထိထွက်ရှိပြီး ကြက်သွန်ပွင့်တစ်တိုင်တွင် မျိုးစေ့မြောက်မြားစွာပါရှိကာ ကြက်သွန်မျိုးစေ့အောင်ချိန်ဖြစ်သည့် တပေါင်းလနှင့် တန်ခူးလတို့တွင် ကြက်သွန်နီပန်းပွင့်များခူးကာ နေလှန်းထားပြီး ကြက်သွန်နီမျိုးစေ့ထုတ်ယူရသည်။ ကြက်သွန်နီပန်းပွင့်များ ရင့်မှည့်ချိန်မိုးမိပါက ပျက်စီးတတ်သဖြင့် မိုးရွာမည့်အရိပ်အယောင်သိလျှင် ချက်ချင်းခူးပြီး မိုးလေလွတ်သည့်နေရာတွင် အခြောက်လှန်းထားရကြောင်း သိရသည်။

ဒီပါလင်း

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၃၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ် ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများမပြုလုပ်မီ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်းဆောင်ရွက်ရမည်-

(က) မိမိနှင့်စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှ ကုမ္ပဏီ သို့မဟုတ်အဖွဲ့အစည်း၏စီးပွားရေးလုပ်ငန်း သဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ ၎င်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ၊ မရှိကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသောသတင်းအချက်အလက်များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

(ခ) အဆက်အသွယ်ဘဏ်လုပ်ငန်းအသစ်မစတင်မီ အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုကိုအကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင်ဆောင်ရွက်ခြင်း၊

(င) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့ အစည်းများသည် လက်ခံဆောင်ရွက်သည့်ဘဏ်၏ ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါလက်ခံဆောင်ရွက်သည့်ဘဏ်အနေဖြင့် မိမိကတောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၃၅။ (က) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပေးချေခြင်း၊ ငွေလွှဲခြင်း သို့မဟုတ် တန်ဖိုးတူလွှဲပြောင်းပေးပို့ချက်များနှင့် ၎င်းတို့နှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများအတွက် ငွေလွှဲသူနှင့် ငွေလက်ခံသူတို့၏ အချက်အလက်များအား တိကျစွာရယူထားရမည်ဖြစ်သည်။ အဆိုပါ သတင်းအချက်အလက်များသည် ငွေပေးချေမှုကွင်းဆက်တစ်လျှောက်လုံးတွင် ယင်းငွေလွှဲခြင်း သို့မဟုတ် ဆက်စပ်မှုရှိသည့် အမှာစာများနှင့်အတူ ဆက်လက်တည်ရှိနေစေရန် သေချာအောင်ဆောင်ရွက်ထားရှိရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃)အရ ငွေကြေးလွှဲပြောင်းဆောင်ရွက်ခြင်းအတွက် ထပ်လောင်းဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်ထုတ်ပြန်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အရောင်းအဝယ်နှင့်သက်ဆိုင်သည့်လွှဲပြောင်းဆောင်ရွက်မှုတိုင်းနှင့်အတူ အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များ၏နံပါတ်များပါရှိရန် စီစဉ်ဆောင်ရွက်ထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူရန်အတွက် အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ငွေဖြည့်ကတ် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကိုအသုံးပြု၍ ဆောင်ရွက်သည့် အရောင်းအဝယ်ဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှု၊

(၂) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ကိုယ်စားဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့သည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါက ဆောင်ရွက်သည့် လွှဲပြောင်းမှု။ ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့်လွှဲပြောင်းမှု။

(ဃ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)တွင် ဖော်ပြထားသော ခြွင်းချက်သည် ပုဂ္ဂိုလ်တစ်ဦးမှ ပုဂ္ဂိုလ်တစ်ဦးထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲခြင်းဟု အဓိပ္ပာယ်သက်ရောက်မှုရှိသော ငွေပေးချေမှုစနစ်တစ်ရပ်အနေဖြင့် အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များကို အသုံးပြုခြင်းများနှင့် သက်ဆိုင်မှုမရှိစေရ။ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားချက်များကို လိုက်နာကျင့်သုံးရမည်။

၃၆။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်နှင့်မိမိတို့၏ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် အောက်ပါအချက်များပါဝင်သော ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန်နည်းစနစ်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများပြုလုပ်ရမည်။ ထို့ပြင်လိုအပ်ပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ စဉ်ဆက်မပြတ်အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန်တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) ဝန်ထမ်းများ စတင်ခန့်ထားရာတွင်အသုံးပြုမည့်စိစစ်ခြင်းလုပ်ထုံးလုပ်နည်းများအပါအဝင် မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန်နည်းစနစ်များ၊

(၃) မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအထူးတာဝန်ဝတ္တရားများနှင့် အခန်း ၉ ပါသတင်းပို့ရန်လိုအပ်သည့်လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများကအကူအညီပေးနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ ထိရောက်မှုကိုစစ်ဆေးရန် လွတ်လပ်သော စစ်ဆေးရေးလုပ်ငန်းစဉ်များ။

(ခ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အရ အကောင်အထည်ဖော်ဆောင်ရွက်ရန်သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ၏ ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့်နည်းလမ်းများနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် နိုင်ငံများနှင့် ပထဝီဝင်အနေအထား စသည့်အချက်များကို ထည့်သွင်းသုံးသပ်ရမည်၊ ငွေလွှဲပေးပို့သူနှင့် အကျိုးခံစားခွင့်ရှိသူ၏ သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပေးချေမှုများနှင့် တန်ဖိုးတူလွှဲပြောင်းပေးပို့မှုများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲရမည့်အပြင် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများလည်း ဆောင်ရွက်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်-

(၁) သတ်မှတ်ထားသည့် ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန်နည်းစနစ်များကို နိုင်ငံရပ်ခြား လုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေးလုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ထုံးလုပ်နည်းများထားရှိစေခြင်း။

၃၇။ သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့်အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည်-

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကိုရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏မည်သည့်ဝန်ထမ်းထံမှမဆိုမည်သည့် သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၈။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်လျှင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၃၉။ သတင်းပို့အဖွဲ့အစည်းသည် မည်သည့် လွှဲပြောင်းဆောင်ရွက်မှု၊ ငွေကြေး သို့မဟုတ် ပစ္စည်းမဆို ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့နှင့်ဆက်နွှယ်ပတ်သက်သည် သို့မဟုတ် ချိတ်ဆက်မှုရှိသည် သို့မဟုတ် ယင်းတို့အတွက် အသုံးပြုရန်ရှိသည်ဟုသံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ရန် ကျိုးကြောင်းခိုင်လုံသည့် အကြောင်းရင်းခံများရှိလျှင် သံသယဖြစ်မှုကိုတင်ပြရန် အစီရင်ခံစာကိုပြုစုပြီးနောက် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုအစီရင်ခံစာကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ယင်းအဖွဲ့က သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများနှင့်အညီ ချက်ချင်းတင်ပြရမည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဆောင်ရွက်ပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှုနှစ်ရပ်လုံးနှင့် သက်ဆိုင်စေရမည့်အပြင် အဆိုပါလွှဲပြောင်းဆောင်ရွက်မှုတွင်ပါဝင်သည့် တန်ဖိုးပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၄၀။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟုယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားကို အကြိမ်ကြိမ်ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၄၁။ ရှေ့နေ၊ နိုတာရီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့် ကိစ္စရပ်များဆိုင်ရာအချက်အလက်များကို သတင်းပို့ရန်တာဝန်မရှိစေရ။

၄၂။ ရှေ့နေ၊ နိုတာရီပဗ္ဗလစ်နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သည့်အခါ ပုဒ်မ ၄၀ တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည်။ **စာမျက်နှာ ၂၆ သို့ ▲**

▲ စာမျက်နှာ ၂၅ မှအဆက်

**အခန်း (၁၀)**

**ကြီးကြပ်ဆောင်ရွက်ခြင်း**

၄၃။ ကြီးကြပ်ရေးအာဏာပိုင်သည်-

(က) သတင်းပို့အဖွဲ့အစည်းက ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား မပျက်မကွက် တိကျစွာ လိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းတစ်ခုတွင် အရေးပါသော သို့မဟုတ် ထိန်းချုပ်နိုင်သော အခန်းကဏ္ဍကိုပိုင်ဆိုင်ခြင်း သို့မဟုတ် အုပ်ချုပ်မှုတာဝန်ထမ်းဆောင်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အဖြစ် ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၎င်းတို့နှင့် ဆက်နွှယ်သူများပါဝင်ဆောင်ရွက်မှုမရှိစေရေးအတွက် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ရမည်။

(ဂ) အန္တရာယ်အခြေပြုချဉ်းကပ်မှုဖြင့် ကြီးကြပ်မှုကို ဆောင်ရွက်ရန် လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း၊ အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် စာရွက်စာတမ်းများတောင်းယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ကြီးကြပ်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံတကာစံသတ်မှတ်ချက်များကိုပါထည့်သွင်း၍ လိုက်နာစေရန် ဆောင်ရွက်ရမည်။

(စ) သတင်းပို့အဖွဲ့အစည်းအတွက် သတင်းပို့ရန် ငွေကြေးနှင့် ပစ္စည်းတန်ဖိုးပမာဏအား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းအတွက် တန်ဖိုးပမာဏသတ်မှတ်ခြင်း ဆောင်ရွက်ရမည်။

(ဆ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သို့မဟုတ် ချိုးဖောက်သော သတင်းပို့အဖွဲ့အစည်းကို စီမံခန့်ခွဲမှုအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မှု အစီအစဉ်များချမှတ်၍ ကျင့်သုံးဆောင်ရွက်ရမည်။

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများ စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆိုတင်ပို့ခြင်း၌ဖြစ်စေ အခြားသော ပြည်တွင်း သို့မဟုတ် ပြည်ပအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( ဈ ) သတင်းပို့အဖွဲ့အစည်း၏ ပြည်ပလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိကို စိစစ်နိုင်သည်။

(ည) လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်းသွားရောက်စစ်ဆေးခြင်း သို့မဟုတ် အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းဆောင်ရွက်သည့်အချိန်တွင် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်နိုင်သော မည်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ဋ) သတင်းပို့အဖွဲ့အစည်းတွင် တည်ဆဲဥပဒေများအရ ယင်းတို့နှင့် ကိုက်ညီသင့်လျော်မှုရှိသော သတ်မှတ်ပြဋ္ဌာန်းချက်များ မရှိပါက အဆိုပါအဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်းသတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

(ဌ) သတင်းပို့အဖွဲ့အစည်း၏လုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဍ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့်စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

(ဎ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရေးအတွက် အဖွဲ့လိုက်အကောင်အထည်ဖော်မှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုအနေဖြင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ရုံးချုပ်၊ ရုံးခွဲများ၊ ပိုင်ဆိုင်မှုအများစုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုပြုရမည်။

၄၄။ ကြီးကြပ်ရေးအာဏာပိုင်သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်-

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့်ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) ချိုးဖောက်မှု အတိုင်းအတာအရ ဒဏ်ကြေးအနည်းဆုံး ကျပ်တစ်သန်းမှ အများဆုံး ကျပ်သန်းတစ်ရာအထိချမှတ်ခြင်း၊

(င) ကာလသတ်မှတ်၍ ဆိုင်းငံ့သည့်အမိန့်၊ ရုပ်သိမ်းသည့်အမိန့် သို့မဟုတ် ပယ်ဖျက်သည့် အမိန့်ချမှတ်နိုင်သည့်အပြင် စီမံခန့်ခွဲခြင်းနည်းလမ်းအရ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည့်အမိန့်ချမှတ်ခြင်း။

၄၅။ ကြီးကြပ်ရေးအာဏာပိုင်သည် သတင်းပို့အဖွဲ့အစည်း၏ ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့်အတိုင်းအတာအပေါ် မူတည်၍ အချိုးညီထိရောက်ဟန့်တားမှုရှိစေရန် ရာဇဝတ်ကြောင်းအရဖြစ်စေ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၄၆။ ကြီးကြပ်ရေးအာဏာပိုင်သည် ပုဒ်မ ၄၄ အရ အရေးယူဆောင်ရွက်မှုကို ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

**အခန်း ( ၁၁ )**

**ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု**

၄၇။ အကောက်ခွန်ဦးစီးဌာနသည် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့်နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန်စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း တရားဝင်ကြေညာရမည့် တန်ဖိုးပမာဏကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့်သတ်မှတ်ရမည်။

၄၈။ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ကျော်လွန်သည့် ငွေကြေးကိုင်ဆောင်သူလွှဲပြောင်းနိုင်သောစာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေသယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော် လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၉။ အကောက်ခွန်ဦးစီးဌာနသည်-

(က) ပုဒ်မ ၄၈ နှင့်အညီ ကြေညာရန်ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို သိမ်းဆည်းရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများနှင့်ဆက်နွှယ်ပတ်သက်သည်ဟု သံသယရှိသောကိစ္စရပ်များတွင် ဤဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

၅၀။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်-

(က) ပုဂ္ဂိုလ်များ၊ ယင်းတို့၏ ဝန်စည်စလယ်များ၊ ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှုနည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များထံမှ အဆိုပါငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ပိုင်ဆိုင်မှုမူလဇာစ်မြစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များ၊ ထပ်မံလိုအပ်သော သတင်းအချက်အလက်များကို တောင်းခံခြင်း၊ ရယူခြင်းနှင့် ယင်းတို့ကို အသုံးပြုမည့် ရည်ရွယ်ချက်များကို မေးမြန်းခြင်း။

၅၁။ အကောက်ခွန်ဦးစီးဌာနသည် ဤဥပဒေ ပြဋ္ဌာန်းချက်များအရ ရရှိသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ပေးပို့ရမည်။ ထို့အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် သတင်းဖလှယ်နိုင်သည်။

၅၂။ အကောက်ခွန်ဦးစီးဌာနသည် ထုတ်ဖော်ကြေညာချက်မှတ်တမ်း၊ ယင်းနှင့်သက်ဆိုင်သော စစ်ဆေးခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာ မှတ်တမ်းများနှင့် အခြားဆက်စပ်ဆောင်ရွက်ချက် မှတ်တမ်းများကို အနည်းဆုံး ငါးနှစ်အထိ ပြည့်စုံစွာထိန်းသိမ်းထားရှိရမည်။ သက်ဆိုင်ရာ အာဏာပိုင်များမှတောင်းခံပါက အဆိုပါမှတ်တမ်းများကို ပေးအပ်ရမည်။

**အခန်း ( ၁၂ )**

**တားမြစ်ချက်များ**

၅၃။ (က) မည်သူမျှ နိုင်ငံတော်အတွင်း သဏ္ဌာန်ဆောင်ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

( ခ ) မည်သည့်ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှ သဏ္ဌာန်ဆောင်ဘဏ် သို့မဟုတ် သဏ္ဌာန်ဆောင်ဘဏ်အား ဝန်ဆောင်မှုပေးသည့် ဘဏ်၊ မိမိ၏ ငွေစာရင်းများကို သဏ္ဌာန်ဆောင်ဘဏ်အား အသုံးပြုရန် ခွင့်ပြုထားသည့် အဆက်အသွယ်ဘဏ် သို့မဟုတ် အခြားငွေရေးကြေးရေး အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

၅၄။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ ပုဒ်မ ၃၈၊ ၃၉၊ ၄၀ တို့အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွှယ်သည့် သတင်းအချက်အလက်နှင့်ဆောင်ရွက်ချက် တစ်စုံတစ်ရာကို မိမိတို့ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်းမပြုရ။

**ဆက်လက်ဖော်ပြပါမည်။**

# အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

❍ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)ရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များက ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဒုံးကျည် ၇ စင်းနှင့် ဒရုန်း ၂၇ စင်းတို့ကို ကြားဖြတ်ပစ်ချလိုက်နိုင်သည်ဟု ယူအေအီး ကာကွယ်ရေးဝန်ကြီးဌာနက မတ်လ ၁၃ ရက်တွင်ထုတ်ပြန်ထားသည်။ အဆိုပါ ဒုံးကျည်များနှင့် ဒရုန်းများကို အီရန်နိုင်ငံက ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ လူမှုကွန်ရက်၌ဖော်ပြထားသည်။

❍ အီရန်အမျိုးသမီးစာသင်ကျောင်းတစ်ခုအပေါ် အမေရိကန်ဘက်က တိုက်ခိုက်မှုနှင့်ပတ်သက်၍ အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်ကလုပ်ဆောင်နေသော စုံစမ်းစစ်ဆေးမှုသည် လိုအပ်သည့်အချိန်အထိကြာမြင့်မည်ဖြစ်ကြောင်း အမေရိကန်စစ်ပွဲရေးရာဝန်ကြီး ပိဟက်ဆက်က မတ်လ ၁၃ ရက်တွင်ပြောသည်။ ထို့ပြင် အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အလယ်ပိုင်းဒေသစစ်ဌာနချုပ်ကို တာဝန်ပေးအပ်ထားကြောင်း ပိဟက်ဆက်ကဆက်ပြောသည်။ ထို့ပြင် အမေရိကန်နှင့်အစ္စရေးပူးပေါင်းပြီး အီရန်အပေါ်နေ့စဉ်တိုက်ခိုက်မှုသည်အကြိမ် ၁၀၀၀ ကျော်ရှိကြောင်း၊ ထိုသို့တိုက်ခိုက်မှုများအတွင်း ပစ်မှတ် ၁၅၀၀၀ ကျော်ကိုထိမှန်ကြောင်း စစ်ပွဲရေးရာဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

❍ အမေရိကန်နိုင်ငံက လာမည့်သီတင်းပတ်တွင် အီရန်နိုင်ငံအပေါ် အလွန်ပြင်းထန်သောတိုက်ခိုက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မတ်လ ၁၃ ရက်တွင်ပြောသည်။ လက်ရှိတွင် အမေရိကန်နိုင်ငံ၏တိုက်ခိုက်မှုများကြောင့် အီရန်နိုင်ငံအတွင်း ပျက်စီးမှုကြီးစွာဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ထိုပျက်စီးမှုများကို ပြန်လည်တည်ဆောက်ရန်ပင်နှစ်ပေါင်းများစွာကြာအချိန်ယူရမည်ဖြစ်ကြောင်း၊ လာမည့်သီတင်းပတ်တွင် ပိုမိုပြင်းထန်စွာတိုက်ခိုက်မည်ဖြစ်ကြောင်း၊ လိုအပ်လာပါက အမေရိကန်အနေဖြင့် ဟော်မုရေလက်ကြားတစ်လျှောက်တွင် ရေနံတင်သင်္ဘောများကို အစောင့်လိုက်ပေးသွားမည်ဖြစ်ကြောင်း ထရမ့်ကပြောထားသည်။

❍ အစ္စရေးနိုင်ငံမြောက်ပိုင်းဒေသ ဘာရိန်းနိုင်ငံရှိအမေရိကန်အမှတ်(၅)စစ်ရေယာဉ်စုနှင့် ဒေသတွင်းရှိ အမေရိကန်စစ်စခန်းများကို ဒုံးကျည်များ၊ ဒရုန်းများဖြင့်တိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း အီရန်၏ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။ ထိုသို့တိုက်ခိုက်ရာတွင် Khorramshahr၊ Kheibar Shekan၊ Fattah၊ Emad နှင့် Qadr ဒုံးကျည်များ၊ ဒရုန်းများကိုအသုံးပြုခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: Sputnik

# အမေရိကန်က ရုရှားရေနံများအပေါ် ပိတ်ဆို့ထားမှုကို ပြန်လည်ဖြေလျှော့ပေး



ဝါရှင်တန်၊ စီးပွားရေး

အမေရိကန်က ရုရှားနိုင်ငံထွက်ရေနံများအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကိုပြန်လည်ဖြေလျှော့ပေးလိုက်ကြောင်း သိရသည်။ ထိုသို့ဖြေလျှော့ပေးမှုကြောင့် ပင်လယ်ပြင်ရှိ ရေယာဉ်များပေါ်တွင် တင်ဆောင်ထားသော ရုရှား၏ရေနံနှင့် ရေနံထွက်ပစ္စည်းများကို အခြားနိုင်ငံများကဝယ်ယူနိုင်မည်ဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆန့်က ပြောသည်။

အမေရိကန်နှင့်အစ္စရေးတို့ပူးပေါင်းပြီး အီရန်အပေါ်တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများမြင့်တက်လာကာ ကမ္ဘာ့ရေနံဈေးသည်လည်း လိုက်ပါမြင့်တက်လာနေစဉ် အမေရိကန်က ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်သည်။ ယင်းပဋိပက္ခကြောင့် ရေနံဈေးနှုန်းမှာ ၅၀ ရာခိုင်နှုန်းနီးပါးမြင့်တက်လာခြင်းဖြစ်သည်။

"လက်ရှိကမ္ဘာတစ်ဝန်းကို ရေနံနဲ့ရေနံထွက်ပစ္စည်းရောက်ရှိမှု ပိုမိုဖြန့်ကြက်တဲ့အနေနဲ့ ပင်လယ်ပြင်မှာရောက်ရှိနေတဲ့ ရေယာဉ်တွေပေါ်ရှိ ရုရှားရေနံကို တခြားနိုင်ငံတွေအနေနဲ့ဝယ်ယူနိုင်တယ်ဆိုပြီး အမေရိကန်နိုင်ငံက ယာယီခွင့်ပြုပေးတာဖြစ်ပါတယ်" ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက လူမှုကွန်ရက်၌ ရေးထားသည်။

အမေရိကန်အစိုးရ၏ယခုဖြေလျှော့မှုအရ မတ်လ ၁၂ ရက်မတိုင်မီ ရေယာဉ်များပေါ်တင်ထားသော ရုရှားရေနံများကိုနိုင်ငံများကဝယ်ယူနိုင်မည်ဖြစ်ပြီး ထိုဖြေလျှော့မှုမှာ ရက်ပေါင်း ၃၀ သက်တမ်းရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: RT

# အမေရိကန်၏ KC-135 အမျိုးအစား ဝေဟင်ဆီဖြည့်လေယာဉ် အီရတ်နိုင်ငံအနောက်ပိုင်း၌ ပစ်ချခံရ

ဘဂ္ဂဒက်၊ စစ်ရေး

အမေရိကန်စစ်ဘက်ကအသုံးပြုလျက်ရှိသော KC-135 အမျိုးအစား ဝေဟင်ဆီဖြည့်လေယာဉ်တစ်စင်းသည် အီရတ်နိုင်ငံအနောက်ပိုင်း၌ ပစ်ချခံလိုက်ရကြောင်း သိရသည်။ အီရတ်နိုင်ငံရှိ အီရန်ကိုလိုလားသောလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အစ္စလာမ်မစ်ခုခံရေးအဖွဲ့က ၎င်းတို့၏ တိုက်ခိုက်ရေးသမားများသည် အမေရိကန်၏ KC-135 ဝေဟင်ဆီဖြည့်လေယာဉ်နှစ်စင်းကို ပစ်မှတ်ထားပြီးတိုက်ခိုက်ကြောင်း၊ တစ်စင်းမှာ ပစ်ခတ်မှုအတွင်း တိုက်ရိုက်ထိမှန်သွားကြောင်း မတ်လ ၁၃ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုကဲ့သို့တိုက်ခိုက်ရခြင်းသည် အီရတ်နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ဝေဟင်ပိုင်နက်ကိုကာကွယ်ရန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်ရေးသမားများသည် ပြီးခဲ့သည့် ၂၄ နာရီအတွင်း အမေရိကန်တို့အပေါ် စစ်ဆင်ရေး ၃၁ ကြိမ်လုပ်ဆောင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

Ref: Xinhua

# ကမ္ဘောဒီးယား၌ဆီပြတ်သည်ဟုဆိုကာဆိုင်ပိတ်သည့် ဆီဆိုင် ၂၀၀၀ ကို အစိုးရကစုံစမ်းစစ်ဆေးမှုပြုလုပ်



ဖနွမ်းပင်၊ ပြည်တွင်းရေး

အရှေ့အလယ်ပိုင်းဒေသ၌ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်လာပြီးနောက် စက်သုံးဆီပြတ်လပ်သည်ဟုဆိုကာ ဆိုင်ပိတ်ထားသည့် စက်သုံးဆီအရောင်းဆိုင် ၂၀၀၀ ကို ကမ္ဘောဒီးယားအစိုးရတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေသည်ဟု တာဝန်ရှိသူတစ်ဦးက မတ်လ ၁၃ ရက်တွင်ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း၌ စက်သုံးဆီအရောင်းဆိုင်စုစုပေါင်း ၆၃၀၀ ရှိသည့်အနက် ပြီးခဲ့သည့်ရက်ပိုင်းတွင် စက်သုံးဆီအရောင်းဆိုင် ၂၀၀၀ ခန့်မှာ ဆိုင်များကို ပိတ်ထားခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ပန်းဆိုဗီချိကပြောသည်။ ထို့ကြောင့် ယင်းဆိုင်များသည် အမှန်တကယ်စက်သုံးဆီပြတ်လပ်နေခြင်းရှိ၊ မရှိနှင့် နောင်တွင်ဈေးတင်ရောင်းရန် ချန်ထားခြင်းဟုတ်၊ မဟုတ်တို့အား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် စက်သုံးဆီပြတ်လပ်မှုနှင့်ရင်ဆိုင်ရနိုင်ခြေမရှိသေးကြောင်း၊ သို့သော်ပြည်သူများအနေဖြင့် စက်သုံးဆီများကိုဝယ်ယူသိုလှောင်ခြင်းမပြုရန်တိုက်တွန်းကြောင်း၊ စက်သုံးဆီဆိုင်များအနေဖြင့် အကြောင်းမဲ့ဆိုင်ပိတ်ပါက ဒဏ်ငွေအပြင် လုပ်ငန်းလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အစိုးရကထုတ်ပြန်ထားသည်။

Ref: ST

# သီရိလင်္ကာ၌ တစ်မိနစ်လျှင် လီတာ ၁၀၀၀၀ စီးသည့် မြေအောက်ရေအရင်းအမြစ်ကြီးတွေ့ရှိ

ကိုလံဘို၊ သယံဇာတ

သီရိလင်္ကာနိုင်ငံ၌ တစ်မိနစ်လျှင် လီတာ ၁၀၀၀၀ အထိစီးဆင်းသည့် မြေအောက်ရေအရင်းအမြစ်ကြီးကို ရှာဖွေတွေ့ရှိသည်ဟု အမျိုးသားရေပေးဝေရေးအဖွဲ့က မတ်လ ၁၃ ရက်တွင်ထုတ်ပြန်ကြေညာသည်။ အဆိုပါရေအရင်းအမြစ်ကို နိုင်ငံတောင်ပိုင်းပြည်နယ် ပီတာဘတ်ဒရာ၌တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ရဲစခန်းတစ်ခုအနီး၌ အဝီစိရေတွင်းတူးနေစဉ် ယခုကဲ့သို့တွေ့ရှိခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုမြေအောက်ရေမှထွက်ပေါ်လာသည့် ရေပမာဏသည် တစ်မိနစ်လျှင် ၁၀ ကုဗမီတာအထိရှိကြောင်း၊ အဆိုပါရေပမာဏသည် သီရိလင်္ကာနိုင်ငံ၌ထွက်ရှိဖူးသော မြေအောက်ရေအရင်းအမြစ်များထက်ပင် ပိုများကြောင်း တောင်ပိုင်းပြည်နယ်တာဝန်ခံဘူမိဗေဒပညာရှင် အင်ဒရာ ဂျီဂါးမေ့ကပြောသည်။

ယခင်က အများဆုံးထွက်ရှိခဲ့ဖူးသော မြေအောက်ရေပမာဏသည် တစ်မိနစ်လျှင် လီတာ ၇၀၀၀ ခန့်ရှိကြောင်း၊ ထိုသို့ထွက်ရှိမှုကို မက်ဒူဒေသ၌တွေ့ရှိခြင်းဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုပြောသည်။ ရေပေးဝေရေးဌာနအနေဖြင့် ယခုတွေ့ရှိသောရေများကို ရေပြတ်လပ်လျက်ရှိသော ဒေသများသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။

Ref: Xinhua




SINCE 1959
မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY
BILL
PAY
Buy


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ခနောက်စိမ်းသတ္တုများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာနေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၅ ရက်နှင့် ၆ ရက်**တို့တွင် ပျဉ်းမနားမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၆၆၄)တန်၊ သစ်မာ (၁ ဒသမ ၁၂၄) တန်၊ အခြားသစ် (၁၂ ဒသမ ၅၅၆)တန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၇၂၉၀၈၁၆)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၇ ရက်**တွင် လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာ၌ တရားမဝင် ခနောက်စိမ်းသတ္တုရိုင်း တန် (၂၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၃ ရက်**တွင် ဘားအံမြို့နယ်၊ စံဖရီးကျေးရွာအဝင်လမ်း၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၄) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂) စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း(၁)မျိုး၊ လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၄၃၈၈၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan (၁)စီး၊ Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၂၀၃၈၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၄ ရက်နှင့် ၈ ရက်**တို့တွင် မြိတ်မြို့နယ်၊ ပနိုချောင်းကမ်းဘေး၌ တရားမဝင် အခြားသစ် (၆ ဒသမ၂၅၂)တန် (ခန့်မှန်း



တရားမဝင် စက်သုံးဆီများ

ရန်ကုန် တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တန်ဖိုးငွေကျပ် ၆၂၅၂၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၅၂၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၆ ရက်နှင့် ၇ ရက်**တို့တွင် တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ(၁၂ ဒသမ ၅၁၄)တန်၊ အခြားသစ် (၁၂ ဒသမ ၂၆၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၇၃၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၈)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၈၄၃၇၃၆၄)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၈ ရက်**တွင် မင်းတုန်းမြို့နယ်၊ ဘူးတောင်းကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်မြို့နယ်၊ ပြည်တော်အေးရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ငွေစက္ကူ ရောရာ (တန်ဖိုးငွေကျပ် ၂၃၀၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၅ ရက်နှင့် ၆ ရက်**တို့တွင် ပျော်ဘွယ်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ရမည်းသင်းမြို့ နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၁၉၈)တန်၊ သစ်မာ(သုည ဒသမ ၈၂၆)တန်၊ အခြားသစ် (၂၃ ဒသမ ၃၃၃)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၃၃၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁ ရက်နှင့် ၃ ရက်**တို့တွင် ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီဂါလန် (၇၉၀၀) ၊ ဒီဇယ်ဆီ (၁၆၀၀)ဂါလန်နှင့် ဆက်စပ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၈၂၄၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တွံတေးမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် (၃ ဒသမ ၁၇၉)တန်နှင့် (၃၆)ပေါင်ဝင် မီးသွေး (၄၇)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၂၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၁၀၀၄၈၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၉ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၈)မျိုး၊ လျှပ်စစ်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၂၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး၊ Hino Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ခရီးသည်(၆)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၄၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၂၄၇၀၅၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ် မတ်လ ၁ ရက်၊ ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၉၁၇၆၄၄၀)** ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၀ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၄၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၂၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၈ ရက်နှင့် ၉ ရက်**တို့တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ်(၃ ဒသမ ၃၃၂)တန်(ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၉၉၂၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်၊ သဲကုန်းမြို့နယ်နှင့် သုံးဆယ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၉)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၉၂၉၉၂၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၁ ရက်**တွင် တံတားဦးမြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် (၄၅)ပေါင်ဝင်မီးသွေးအိတ် (၇၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၉၄၀၀)နှင့် အဆိုပါမီးသွေးများတင်ဆောင်လာသည့် Dagon Tawin Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၅၉၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၆ ရက်နှင့် ၉ ရက်**တို့တွင် သထုံမြို့နယ်နှင့် မုဒုံမြို့နယ်တို့အတွင်း၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီလီတာ (၃၇၀၀၀)၊ ဂါလန် (၉၀) နှင့် ဒီဇယ်ဆီ ဂါလန် (၆၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၄၉၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ရွှေမျက်မှန်ထမင်းဆိုင်အနီး၌ မော်တော်ယာဉ် (၁) စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၉၀၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကျိုက်ထိုမြို့နယ်၊ ဒေါင်းတောင်အနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၈၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး၊ Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သထုံမြို့နယ်၊ ဇရစ်ချောင်ကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၂၇၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်ဟောင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၂၃၉၅၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၈ ရက်**တွင် ဗဟန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁၀)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၉)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၀ ရက်**တွင် ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာ၌ မော်တော်ယာဉ် (၉)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၄၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၀) မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၆၂၃၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၈)စီးနှင့်လိုင်စင်ရှိမော်တော်ယာဉ် Kyaw Kyar Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၆၂၃၅၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီးပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၃၀ သို့ ▲**

# တာချီလိတ်မြို့နှင့်ကျိုင်းတုံမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံ လော်ဟေနှင့် အားလယ်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် မတ် ၁၃

တာချီလိတ်မြို့နှင့် ကျိုင်းတုံမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မတ်လ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်မြို့ပတ်လမ်းပေါ်တွင် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်နေ လော်ဟေ(၂၄)နှစ် မောင်းနှင်ပြီး ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပွန်ဖာရပ်ကွက်နေ အားလယ်(၂၄)နှစ် လိုက်ပါလာသော HONDA WAVE 110 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၇၀၀)ကိုလည်းကောင်း၊ အလားတူ မတ်လ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်နေ စိုင်းဆမ်နွန်း(၄၁)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၅၀ (ဒေသတန်ဖိုးငွေကျပ် ၇၁ ဒသမ ၇၅ သိန်း)ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

မြဝတီ

▲ စာမျက်နှာ ၂၉ မှအဆက်

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၄ ရက်နှင့် ၈ ရက်**တို့တွင် အင်္ဂပူမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ်(၂ ဒသမ ၅၄၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၉၃၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ မအူပင်မြို့နယ်နှင့်ပုသိမ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီးနှင့်လိုင်စင်မဲ့ထော်လာဂျီ(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၀၉၃၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၀ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် I Zone TT Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၄)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၄၆၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၄၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်၊ မတ်လ ၄ ရက်၊ ၆ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၇၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၈၃၅၂၅၃၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်ပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၁၃-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ(၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


**မြန်မာ့သစ်လုပ်ငန်း**
**ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**အိတ်ဖွင့်တင်ဒါကြေညာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်)(၃၀၀)တန်ခန့်၊ သစ်မာသစ်လုံး**(နယ်)**(၁၂၅၀)တန်ခန့်နှင့် ကျွန်းခွဲသား(၅၀)တန်ခန့်

(ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား(၂၉၀)တန်ခန့်

(ဂ) ရောင်းချမည့်ရက်နှင့်အချိန် - (၂-၄-၂၀၂၆)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် **website** ဖြစ်သော **www.mte.gov.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-**Ph; 01-287430, 01-528771, 01-528764**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**"LA HTET LIN THU COMPANY LIMITED"**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ မတ်လ(၁၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်စုစုမြင့်မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ မတ်လ(၁၃)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

U SHIN NYEIN (H.G.P.,LL.,B)
HIGH COURT ADVOCATE
INSOLVENCY PRACTITIONER(103594)
YANGON, MYANMAR, TEL.09-5043046

Daw Su Su Myint
Managing Director
La Htet Lin Thu Co.,Ltd

**ပျောက်ဆုံးကြောင်း**
လထော်ဆိုင်းဘရိမ်(ဘ)ဦးလထော်အောင်ဂမ် ၁/မကန(နိုင်)၁၅၄၄၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စုစုနိုင်(ဘ)ဦးနေဇော် ၈/အလန(နိုင်)၁၉၆၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇေယျာမင်း(ဘ)ဦးတင်ကွန့် ၁၂/ကမတ(နိုင်)၀၁၃၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 321322)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိအိငြိမ်း(ဘ)ဦးမြဝင်း ၉/တသန(နိုင်)၂၃၄၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 129882)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၂၆၂၇၂၃

**ပျောက်ဆုံးကြောင်း**
ဖြူမာမြင့်(ဘ)ဦးစံမြင့် ၁၂/တမန(နိုင်)၀၉၄၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၃၃၁၉၇၅

**ပျောက်ဆုံးကြောင်း**
ဝါဝါကျော်(ဘ)ဦးအောင်မြတ်ကျော် ၁၄/ပသန(နိုင်)၁၈၁၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

**ပျောက်ဆုံးကြောင်း**
ရှဲင်းလိန်းယော(ဘ)ဦးလိန်းယော ၄/မတန(နိုင်)၀၄၂၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 086058)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၆၆၃၇၃၈

**ပျောက်ဆုံးကြောင်း**
ဆုရတနာ(ဘ)ဦးခင်ဇော် ၁၂/ဒဂတ(နိုင်)၁၁၅၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၉၀၀၂၅၀၉

**ပျောက်ဆုံးကြောင်း**
ပွင့်ဦးထွေး(ဘ)ဦးစိုးညွန့် ၆/ကသန(နိုင်)၁၂၆၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 631413)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၄၀၁၄၁၂

**ပျောက်ဆုံးကြောင်း**
မျိုးသီဟ(ဘ)ဦးအောင်စိုး ၈/ရနခ(နိုင်)၁၇၅၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မင်းသက်ထက်(ဘ)ဦးမင်းမင်းဇော် ၈/စလန(နိုင်)၁၉၀၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ဇော်ဟိန်း(ဘ)ဦးလှကြီး ၁၄/ကလန(နိုင်)၁၁၁၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၂၂၈၉၉၁

**ပျောက်ဆုံးကြောင်း**
ချယ်ရီစိုး(ဘ)ဦးစိုးဝင်း ၆/ကသန(နိုင်)၀၃၉၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၈၀၁၀၁၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်-၁၄၇၈(က)၊ တကောင်းလမ်း၊ (၁၆)ရပ်ကွက်နေ ဒေါ်သဲစုဖြိုး(ခ)သော်သော် ၁၄/မမန(နိုင်)၃၃၁၉၂၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်သဲစုဖြိုး(ခ)သော်သော်

**ပျောက်ဆုံးကြောင်း**
မထားထား(ဘ)ဦးကွမ်းရှုံး ၁၃/တကန(နိုင်)၃၆၄၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်မျိုးသန့်(ဘ)ဦးမောင်လှ ၇/ညလပ(နိုင်)၀၀၀၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၉၁၁၉၇၀

# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

လိမ္မော်၊ အဝါ၊ အပြာ၊ အဖြူ၊ အနက် အမျိုးမျိုးတွဲပြီး အရောင်စပ်သုံးသော်လည်း အနီရောင်နှင့်အစိမ်းရောင်ကိုကား ရောစပ်ပြီးသုံးလေ့မရှိပေ။ တစ်ခါက ညီလင်းသည် ပျင်းပျင်းရှိသည်နှင့် အမာညို၏စုတ်တံဆေးဘူးများကိုကောက်ယူပြီး အနီရောင်နှင့်အစိမ်းရောင်ဆေးကို ရောကြည့်ဖူးသည်။ တင်ထွန်းမောင်ပြောသည့်အတိုင်း ညစ်ပုပ်ပုပ်အရောင်ကြီးဖြစ်ပေါ်ခဲ့လေသည်။

'ဒီလိုပဲကွ သူလည်း သူ့ပတ်ဝန်းကျင်နဲ့သူ ဟုတ်နေမှာပဲ၊ ကိုယ်ကလည်း ကိုယ့်ဝန်းကျင်နဲ့ကိုယ်ပဲ၊ သွားပေါင်းလို့မရတာတွေရှိတယ်၊ ဒီမှာနွေသူရိန် မင်းဟာအစိမ်းရောင်ဖြစ်ခဲ့ရင် အနီရောင်ကိုတော့ သွားမယူလေနဲ့၊ ညစ်ပုပ်ပုပ်အိမ်ထောင်ရေးကြီးဖြစ်လာလိမ့်မယ်'

ကိုတင်ထွန်းမောင်တစ်ယောက် ဘယ်အချိန်ကများ ဒီသဘောတရားတွေ လေ့လာလိုက်ပါလိမ့်ဟုတွေးရင်း ညီလင်းသည် ရင်ခုန်လာသည်။ 'ငါက အစိမ်းဆိုရင် သူကအနီပေါ့၊ မမစုက အနီရောင်ပေါ့လေ'ဟု တမ်းတလွမ်းမောစွာတွေးနေမိသည်။ ဝေ့ကာဝိုက်ကာ တိုက်သွားသော လေရှူးလေးသည် ညီလင်း၏ပါးပြင်ကိုပွတ်တိုက်ကျီစယ်သွားရင်း 'မုန်းတယ် မုန်းတယ်'ဟု တဖွဖွပြောနေသံလေးကိုပါ တိုးတိုးလေးပြန်လည်ကြားယောင်လာစေသည်။ 'သူ ငါ့ကို တကယ်မုန်းသလား'ဟု ဆက်၍တွေးမိပြန်သည်။ ဒေါသရောင်ဖြင့် လက်နေသောမျက်ဝန်းနက်နက်လေးများကိုတွေးထင်မြင်ယောင်မိသောအခါ ရင်ထဲတွင် လှိုက်မောရှိုက်လာပြန်လေသည်။ 'စုက ကျွန်တော့်ကိုမချစ်ဘဲ မုန်းနေလျက်နဲ့ ဘာလို့များ ဒီလိုဖြစ်ခဲ့ရသလဲ၊ စုနစ်နာတဲ့အလုပ်ကို ဘာလို့လုပ်ရသလဲ၊ ဘာလို့ ဒီအလုပ်လုပ်ရသလဲစုရယ်၊ စုသာ နစ်နာတာပဲမဟုတ်လား၊ အင်းလေ မမစုက ဒါကိုတန်ဖိုးမထားဘဲ ပေါ့ပေါ့သာတွေးနေရင်တော့ တစ်မျိုးပေါ့၊ ဒီလိုကိစ္စတွေကို စုက ပေါ့ပေါ့တန်တန်သဘောထားနေပြီလားဗျာ'ဟု ရင်ထဲတွင် တစ်ဦးတည်းစကားပြောနေမိပြန်သည်။ ထိုစဉ်တွင် နွေသူရိန်က သူ့ကျောကို ဖြန်းခနဲရိုက်လိုက်သည်။

'ဟကောင် ညီလင်းညို၊ ခေါ်လို့မကြား၊ မေးလို့မကြား မင်းဘာဖြစ်နေတုံး'

'ဘာဖြစ်နေလို့တုံးကွ၊ နာလိုက်တာ'

'ဟာ ဒီလောက်တောင်ငိုင်နေတာ၊ ဘာတွေစဉ်းစားနေတုံး'

'ဘာ စဉ်းစားစဉ်းစား မင်းအပူလား'

ညီလင်းညိုသည် နေရာမှ ခပ်တောင့်တောင့်ထသည်။ ဖင်ခုထားသောစာအုပ်များကို ဆွဲယူလိုက်ကာ မျက်နှာမှုန်မှုန်ဖြင့်ထွက်လာခဲ့သည်။

■ ■ ■ ■ ■

'ကိုကို နယ်သွားရရင် သက်သက်လိုက်မှာလား'

'လိုက်မှာပေါ့ ကိုကိုရယ်'

ခေါင်းလေးကို စိတ်ပါလက်ပါညိတ်ပြလိုက်ရင်း သက်သက်သည် ကျော်ထွန်းညို၏အင်္ကျီပေါ်တွင် ပြေးနေသော ပုရွက်နီလေးကို လက်နှင့်အသာအယာ တောက်ချလိုက်သည်။

'မြို့နယ်တိုင်းမှာ ဆေးပေးခန်းရှိတာပါပဲ ကိုကိုရာ၊ ကိုကိုနဲ့သက်သက်ကလည်း တစ်မြို့နယ်တည်း သွားကြလို့ရတာပဲ၊ ကိုကိုက လမ်းတွေ၊ တံတားတွေဆောက်၊ အပျက်အစီးတွေကိုပြင်၊ သက်သက်က လူနာတွေကိုပြုစု'

ချမ်းမြေ့ဖွယ်ကောင်းလှသည်။ ထိုသို့ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလှသောဘဝလေးကို သူနှင့်သက်သက်တို့ လက်တွဲ၍တည်ဆောက်ကြရမည်ကိုတွေးမိသောအခါ ကျော်ထွန်းညို၏ရင်ထဲတွင် ကြည်နူးမှုနှင့် တသိမ့်သိမ့်လှုပ်ရှားလာလေသည်။

'ကဲ မိသက်၊ ပြော ဘာကားကြည့်မှာလဲ'

'ကိုကိုကြည့်ချင်တဲ့ကား ကြည့်'

'မိသက်ကြည့်ချင်တာ ကြည့်ကွာ'

သူတို့နှစ်ဦးသား ရုပ်ရှင်ရုံများဘက်သို့လျှောက်လာကြသည်။ ပပဝင်းရုံပေါ်တွင် ဂျိမ်းစဘွန်းက ပြုံးနေလေသည်။ သူ့ဘေးတွင် မလုံ့တလုံ လှပျိုဖြူလေးများက ဝိုင်းနေကြသည်။ လမ်းကူးလိုက်လျှင် မခို့တရို့ကြည့်နေသော ရှာမီလာတဂိုးက ဘုရင့်ရုံထဲမှ စောင့်နေမည်ဖြစ်လေသည်။

'အာရဒနား ကြည့်မလား ကိုကို'

'ကောင်းတယ်တဲ့လား'

'ကောင်းတယ်လို့ ပြောကြတာပဲ၊ ငိုတော့ငိုရတယ်တဲ့၊ ကိုကို လက်ကိုင်ပဝါပါလာရဲ့လား၊ တော်ကြာရုံထဲမှာ သက်သက်ဆီက လက်ကိုင်ပဝါ မတောင်းရဘူးနော်'

သက်သက်က နောက်ပြောင်နေသည်။ အိန္ဒိယရုပ်ရှင်သည် အဆိုအကများလွန်းသဖြင့် ကျော်ထွန်းညိုကြည့်လေ့မရှိပေ။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည်ဟု ယူဆသည်။ သို့သော် သက်သက်ကြည့်လိုပါက သူလည်းကြည့်ရန်အသင့်ပင်ဖြစ်သည်။

'ကိုကို ကြည့်ချင်ရဲ့လား'

'မိသက် ကြည့်ချင်ရင် ကိုကိုလည်း ကြည့်ချင်တာပေါ့'

'ဟုတ်ဘူး၊ ကိုကိုမကြည့်ချင်ရင် သက်လည်း မကြည့်ချင်တော့ဘူး ကိုကိုရဲ့'

သူတို့နှစ်ဦးသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရယ်မိကြသည်။ သက်သက်က ဖရုံစေ့လျှော်နှင့် ပြောင်းဖူးပြုတ်များဝယ်နေစဉ် သူသည် လက်မှတ်ရုံလေးသို့သွားကာ ဒီစီမှနှစ်စောင်ဝယ်လိုက်သည်။

'သက်နဲ့လျှောက်လည်ရတာ ကိုကိုပျော်ရဲ့လား'

သက်သက်က စိုးရိမ်ဟန်လေးဖြင့် တိုးတိုးမေးသည်။ အမှန်တကယ်လည်း စိုးရိမ်မိသည်။ သူနှင့်အတူ သွားလာလှုပ်ရှားနေသော်လည်း ကျော်ထွန်းညို၏စိတ်ဝိညာဉ်သည် တခြားသူတစ်ဦးအား တမ်းတသတိရနေမည်ကို စိုးရိမ်လှသည်။ ကျော်ထွန်းညိုက သက်သက်ကို စချင်စိတ်နှင့် 'မပျော်ဘူး'ဟု မျက်နှာထားတည်တည်ဖြင့်ပြောမည်ပြုသေးသည်။ သို့သော် အကဲခတ်နေဟန်ရှိသောမျက်လုံးလေးများကိုတွေ့သောအခါ မနောက်ပြောင်ရက်တော့ပေ။

'ပျော်တယ်၊ မပျော်ဘူးဆိုတာ ကလေးစိတ်ပါ မိသက်ရယ်၊ မတည်ငြိမ်တဲ့စိတ်၊ လှုပ်ရှားတက်ကြွတဲ့စိတ်မျိုးပါ၊ သက်သက်နဲ့နေရရင် ကိုကို့ရင်ထဲမှာ အေးပြီး ချမ်းမြေ့နေတာပဲဆိုရင် မပြည့်စုံဘူးလား'

ဟု တည်ငြိမ်အေးဆေးစွာပြောလိုက်ရင်း စုလှိုင်ကို သတိရနေမိသေးသည်။ စုလှိုင်နှင့်အတူ ရုပ်ရှင်ကြည့်ကြသောအချိန်လေးများသည်လည်းကောင်း၊ ကားလျှောက်စီးခဲ့ကြသော အချိန်လေးများသည်လည်းကောင်း သူ့စိတ်ထဲတွင် ဝဲလှည့်သလို ချာလည်လှည့်ပြီး ပေါ်လာသည်။ ထို့နောက် ညီလင်းနှင့်စုလှိုင်၊ သူ့အချစ်ဆုံးညီငယ်နှင့် အရှုံးအမူးစွဲလမ်းခဲ့မိသည့် မိန်းမချောလေးတို့ မှောက်မှားကြသည့်အကြောင်းကို သတိရပြီး ထိုင်းမှိုင်းသွားသလို ခံစားရလေသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းဖိစေ့ထားပြီး ခေါင်းလေးမော့ကာ သူ့ကို မာနလေးတဝေဝေဖြင့်ကြည့်နေသော မိန်းမလှလေးစုလှိုင်ကို တွေးထင်မြင်ယောင်ရင်း သက်ပြင်းရှိုက်လိုက်သည်။

'ဟင် ကိုကို သက်ပြင်းတွေဘာတွေချလို့ ဘာတွေစဉ်းစားနေလဲဟင်'

'သြော် ကြည့်ပါဦး၊ အမှိုက်တွေ ရှုပ်လိုက်တာ'

သမံတလင်းပေါ်တွင် ပြန့်ကျဲနေသော ချိုချဉ်စက္ကူစများနှင့် ကွာစေ့ခွံများကိုညွှန်ပြရင်း ပြောမိပြောရာပြောလိုက်သည်။ စုလှိုင်၏အကြောင်းကို တွေးတောနေသည်ဟုတော့မပြောလို။ ထိုသို့သာ ဆိုလျှင် သက်သက်သည် ဝမ်းနည်းအားငယ်စိတ်ဖြင့် မျက်ရည်ဝဲပြီး နှုတ်ဆိတ်သွားမည်ဖြစ်လေသည်။ မကျေနပ်စကားကိုသော်လည်းကောင်း၊ ရန်တွေ့စကားကိုသော်လည်းကောင်း ပြောလိမ့်မည်တော့မဟုတ်ချေ။ **ဆက်လက်ဖော်ပြပါမည်။**

## အမျိုးသမီးငယ်များအား လူမှုဘဝတွင်တွေ့ကြုံနိုင်သည့် ကောင်းကျိုးဆိုးကျိုးများအကြောင်း သိရှိနားလည်စေရန် အသိပညာပေးဟောပြောပွဲကျင်းပ



မြိတ် မတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းတက်ရောက်လျက်ရှိသည့် အမျိုးသမီးငယ်များအား လူမှုဘဝတွင် တွေ့ကြုံနိုင်သည့် ကောင်းကျိုးဆိုးကျိုးများကို သိရှိနားလည်စေရန်ရည်ရွယ်၍ မတ်လ ၁၂ ရက်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဇင်ဦးက သင်တန်းသူများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ အကြမ်းဖက်မှုလျော့နည်းပပျောက်စေရန် ဥပဒေများ၊ အမျိုးသမီးများအား အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အကူအညီတောင်းခံရမည့်အကြောင်းနှင့် စာဖတ်ခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများအကြောင်းကို ဟောပြောသည်။

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ သင်တန်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

## တောင်ဥက္ကလာပမြို့နယ်၌ ယဉ်ကျေးလိမ္မာ အခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးလိမ္မာစေရန်၊ အသိပညာ ဗဟုသုတတိုးပွားစေရန်နှင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန် ယဉ်ကျေးလိမ္မာအခြေခံသင်တန်းကို မတ်လ ၁၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ဆက်လက်၍ Book Club အဖွဲ့ဝင် ဆရာဦးစိန်ကျော်သင်း၊ သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးမြင့်၊ ဦးမြင့်အောင်နှင့် Special Hittine (အထူးဟစ်တိုင်သတင်းအေဂျင်စီ)မှ ဦးညွန့်မင်းတို့က မှာကြားစကားများ ပြောကြားကြပြီး သင်တန်းကို ဆက်လက်သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ တောင်ဥက္ကလာပမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး တက်ရောက်ကြပြီး အလှူရှင်များက သင်တန်းသား၊ သင်တန်းသူများအတွက် ယဉ်ကျေးလိမ္မာစာအုပ်များ၊ အာဟာရဒါနများ လှူဒါန်းကြကြောင်းနှင့် သင်တန်းကာလမှာ မတ်လ ၁၁ ရက်မှ ၂၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

❖ သမိုင်းအစဉ်အလာကြီးမားသော အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို မပျက်ယွင်းစေဘဲ သတိရထိန်းသိမ်းလျက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းမှုစွမ်းပကားဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြား

## မွန်မြတ်သည့်လက်ဆင့်ကမ်းအမွေကိုထိန်းသိမ်းပြီး တပ်မတော်နှင့်နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားကြရန်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားခြင်းအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ဇေယျာသီရိဗိမာန်၊ သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များတက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက်မှ တိုင်းမှူးများ၊ (ကြည်း၊ ရေ၊ လေ) တပ်ဌာနချုပ်များအလိုက် ဌာနချုပ်မှူးများနှင့် စစ်ဆင်ရေးကွပ်ကဲရေးမှူးများက Video Conferencing ဖြင့်တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ➤

**၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်၊ စက်မှုအတတ်ပညာ (သင်္ချာ)၊ စိုက်ပျိုးရေးအတတ်ပညာ(သီးနှံထုတ်လုပ်ရေး(၂))နှင့် မွေးမြူရေးအတတ်ပညာ (ဝက်မွေးမြူထုတ်လုပ်ရေး) ဘာသာရပ်များအား ဆက်လက်ဖြေဆို**

စာ - ၈ သို့

ဆောင်းပါး

**နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပေး (အပိုင်း-၁)**

စာ - ၁၃ သို့